# သခင့်စကား
## The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည့် ဝိညာဉ်ရေး ဂျာနယ်စောင်

အမှတ်စဉ် (၁၁၂) ဒီဇင်ဘာလ ၂၀၁၀ခုနှစ် ဓမ္မဒါန (လစဉ်ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ဖြန့်ချိသည်)

*သင်၏နှုတ်ကပတ်တော်ဖြင့်ခြင်း စကားသံကို အကျွန်ုပ်ကြားစဉ်တွင် အကျွန်ုပ်ဝမ်းထဲ၌ သူငယ်သည် ရွှင်မြူးသော စိတ်နှင့် ခုန်၏ လု ၁း၄၄*

### ရင်တွင်းဆန္ဒ (မင်းအောင်သက်လွင်)

မိုးယံမှာ လင်း ၊ ငါပင် ကြယ်တစ်လုံး ဖြစ်ခဲ့ပါလျှင်
ကယ်တင်ရှင်အား ဖူးမြော်ရာလမ်းမှာ ပညာရှိများကို
လမ်းညွှန်ပြသည့် လမ်းပြကြယ်ပင် ဖြစ်လိုက်ချင်သည်။
လယ်ကွင်းနံ့တွင်း ၊ ပေါက်ကြီးပြင်းသည့် ငါပင် ကောက်ရိုးတစ်မျှင် ဖြစ်ခဲ့ပါလျှင်
ကယ်တင်ရှင်ဘုရား အုံးစက်နားသည့် နွားစားခွက်တွင်
ဝပ်ဆင်းဝင်ရင်း ကယ်တင်ရှင်အား ယုယထွေးပိုက်ထားလိုက်ချင်သည်။
ရိုကျိုးဝပ်တွား ၊ ငါပင် မြည်းလား ဖြစ်ခဲ့ပါလျှင်
ကယ်တင်ရှင်အား ဝန်ဆောင်ထားသည့် မယ်တော်မာရိ ယောသပ်တို့အား
ခရီးတွင်တွင် နင်နိုင်စေရန် ကျောတွင် ထမ်းပိုး အစေခံ လိုက်ချင်လွန်းလှပါသည်။
သို့ပေသော်ငြား - ငါ လူသားမှာ
တစ်ထောင့်ကိုးရာခွန် သက္ကရာဇ်တွေလွန်မှ လူသားဖြစ်ခွင့်ရခဲ့သူမို့
ကြယ်စင်လေးလို လင်းလိုက်ချင်လဲ -
ကောက်ရိုးလေးလို ထွေးပွေ့ချင်လဲ -
မြည်းလား လေးလို ထမ်းပိုးချင်လဲ -
လင်းခွင့် မကြုံ ၊ ထွေးခွင့် မရ ၊ ထမ်းခွင့် မဆုံ ခဲ့ရသူမို့ -
ခရစ္စမတ်အရှင် ကယ်တင်ရှင်အား နှလုံးသားတွင်းမှာ ခေါ်ဖိတ်လိုက်မည်။
ဤသည်မှာ ငါ၏ ရင်တွင်း ဆန္ဒ စစ်စစ်ပေတည်း။ ။





---

### ဒီဇင်ဘာမှ – ချစ်သူ *လယ်ဒီပါဏ်တ အညံ့တရစာ၄က်*

ဒီဇင်ဘာမှ ချစ်သူ ကိုယ်ကျိုးမဲ့သူ ချစ်သူရယ်
အေးစက်စက် နှင်းတွေကြားက ဆောင်းတစ်ညမှာ
အချစ်တွေ ပေးဆပ်ဖို့အတွက် ဒီဇင်ဘာက သက်သေပါ
လူမဟုတ်တဲ့ တိရစ္ဆာန်ရဲ့ အိမ်ကလေးမှာ ချစ်သူ ဘယ်လောက်အထိ ခံစားရလေမလဲ
ဒါကို မလိုသူတွေကြားမှာ အချစ်တို့က နက်ရှိုင်း
အဲဒီတုန်းက ကိုယ်သာ လူဖြစ်ခဲ့ရင် ချစ်သူကို လက်ခံနိုင်ပဲ့မလား
ခုတော့ ကိုယ်သိသွားပြီ ချစ်သူရယ် ကိုယ့်ကို ချစ်တဲ့ ချစ်သူရဲ့ အချစ်က
တစ်ဖက်သတ်ဆိုတာ ကိုယ့်အပြစ်တွေကို ယူဆောင်ဖို့အတွက်
ဒီဇင်ဘာမှာ ချစ်သူ ဆင်းသက်ခဲ့သလို ယခုလည်း ကိုယ့်နှလုံးသားထဲမှာ
ရှင်သန်တော်မူပါ ဒီဇင်ဘာမှ – ချစ်သူရယ်။



---

### ပြင်ဆင်စို့ *ကနခ နန်း ရထိုက်*

အေးချမ်းလွန်းတဲ့ ဒီဇင်ဘာ ယေရှု မွေးဖွားလာ
ပြစ်လူသားများ ကယ်တင်ဖို့ လူ့ဇာတိကို ခံယူလို့
ကောင်းကင်တမန် ဆင်းကြွလာ သတင်းကောင်းကို သယ်ဆောင်ကာ
ကယ်တင်ရှင်ကို ဖူးတွေ့ဖို့ သိုးထိန်းများလည်း သွားပြီဗျို့
အရှေ့ပြည်က မာဂုများ လက်ဆောင်ဘဏ္ဍာ သယ်ဆောင်ကာ
လောဗန် မုရန် ရွှေကို ဆက်ကပ်လို့ ကယ်တင်ရှင်ကို ဖူးတွေ့လို့
ထိုစဉ်ချိန်ခါ ဟေရုဒ်မင်းမှာ ပူပန်စိတ်နဲ့ သောကများ
ပြင်းစွာ အမျက်ထွက်လို့လာ သူငယ်သတ်ဖို့ ကြံစည်လာ
ဗက်လင်မြို့မှာ မျက်ရည်မိုးတွေ ရွာသွန်းရှာ သူငါရင်ထဲ ဆန်းစစ်ကာ
ကယ်တင်ရှင်ကို ကြိုဆိုဖို့ နှလုံးသားလေး ပြင်ဆင်စို့။



---

### လွန်ခဲ့လေတဲ့ ခရစ္စမတ် ဆယ်မြူရာယ်စိုးလွင်

သခင် လူဇာတိခံယူရာ လွန်ခဲ့အခါသမယမှာက
လက်ဆောင်တွေ ဆင့်ကမ်းမျှဝေ ပျော်လိုက်သည့် အဖြစ်ရယ်များ

မီးရောင်စုံ ဝေဝေဆာဆာနှင့် ဂီတသံ အသံလွင်လွင်တွေကြား
ရီဝေဝေ အပြုံးတွေ လှိုင်လှိုင်ပွင့် ဆင့်ခြွေသင်းရင်း
ပျော်မဆုံး မော်မဆုံး အို့ အို့ ဒီကမ္ဘာမှာလေ အပျော်ဆုံးပေါ့ ........
အားလပ်ရက်ခွင့်လည်းကုန် ဘဝခရီးရဲ့ ခနတာ ပြန်စရန်လည်းကြုံမှ
ပျော်ရွှင်ခဲ့ ဒီဇဘ်ာရယ် အိပ်မက်ပမာရယ် အလားသို့
တမ်းတ မြင်ယောင် ငါအပျော်ကျူးခဲ့တဲ့ ဒီဇဘ်ာ ။ ။

---

### ပေးဆပ်သူ (ချစ်လင်းလေး)

ချစ်သားထက် အပြစ်သားကို ပိုချစ်လို့ စွန့်လွှတ်ခြင်းများစွာဖြင့်
ပေးဆပ်ခဲ့ သူတဦးနဲ့ ပြင်းထန်စွာဝေဒနာတွေကြားက
နောက်ဆုံးထွက်သက်ထိဆက်ချစ်ကာ ခွင့်လွှတ်မှုတွေနဲ့ အတူ
တောင်းဆုတွေပြုခဲ့ပေးတဲ့ သခင်ရဲ့မေတ္တာတွေကိုပြန်လည်သိတတ်ကာ
ခိုလုံကိုးစားကာ ဘဝရဲ့နေဂုမှန်ကိုသိဂုင်လေ
ဒီ Christmas ဟာသင့်အတွက်ပါ အိုလူသားဂုယ်။။



---

### ယေရှု ထံပေးစာ (ကိုကြီးဆိုင်မွန်)

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ ကမ္ဘာနဲ့အဂှမ်း လူသားတွေ မခံမရပ်နိုင်ပါဘူး ဆိုတဲ့ အရာတွေကိုတောင် နာလည်မှု့ ပေးပြီး သည်းညည်း ခံနိုင်စွမ်းတဲ့ ခံနိုင်စွမ်း ရည်ရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ လူသားတွေ ခက်ထန်မိုက်တွင်း နက်တဲ့အချိန်၊ မကောင်းမှု့ တွေကိုလုပ် ဆောင်နေတဲ့အချိန်မှာတောင်အဲ့ဒီလူသားတွေကို နူးညံ့ သိမ်မွေ့စေခြင်းနှင့် အကြင်နာတွေပေး နိုင်တဲ့ စွမ်းရည်ရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ စိတ်ရှုပ်ထွေး ပွေလီနေသူတွေ၊ စိတ်မောပန်း နွမ်းနယ်ပြီး အနားယူဖို့လိုသူတွေအတွက်သူတို့ခံစားနေရတဲ့ အကူအညီမဲ့နေမှုတွေ၊ စိတ်ဓါတ်ကျမှုတွေအတွက် အသစ်သော ခွန်အားတွေ ပြန်ဖြစ်စေပြီး အသက်တာမှာ အံ့သြဖွယ်ရာမြင်နိုင်စွမ်းတွေကို ပေးနိုင်တဲ့ စွမ်းရည်လဲ ရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ ဘဝမုန်တိုင်း ထန်နေသော အချိန်အခါမှာလဲ ငြိမ်းချမ်း မှုကိုသယ်ဆောင် ပေးနိုင်တဲ့ စွမ်းရည်လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ အသက်ရှင်လျှက် ငရဲကျ နေရသလို ဖြစ်နေကြရတဲ့ ကိုယ်လက် သေနေလို့ မလှုပ်ရှားနိုင်တဲ့သူတွေကိုလဲ ကျန်းမာခြင်း ပေးနိုင်တဲ့ စွမ်းရည်လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ စိတ်ဓါတ်ကျဆင်းမှုတွေ၊ စိုးရိမ်မှုတွေ၊ ဖိနှိမ်မှုတွေကိုလဲ အရည်ပျော်အောင် လုပ်နိုင်တဲ့ စွမ်းရည်လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ မျှော်လင့်ချက်ကင်းမဲ့ပြီး စိတ်ဓါတ်ပျက်ပြားနေတဲ့ အခါမှာလဲ ဘုရားကိုယုံဖို့၊ ရဲရင့်ခြင်းရှိဖို့ပေးစွမ်းနိုင်တဲ့ စွမ်းရည်လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ လောကအမှောင်ကို ဖြိုခွင်းပေးနိုင်တဲ့ အလင်းစွမ်းရည် လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ ကြာရှည်စွာ လျှောက်လှမ်းရမဲ့ ဘေးဒုက္ခဆိုးကြီးရဲ့ အကွယ်အကာအမွေအနှစ် အဖြစ်ရရှိဖို့ပေးနိုင်တဲ့ စွမ်းရည်လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာသာ လွှမ်းခြုံနေမယ်ဆိုရင် ဘယ်လို ဘဝ ပြဿနာမှ မလာနိုင်အောင် ပြဿနာတွေ ရပ်တန့်သွားအောင်လုပ်ပေးနိုင်တဲ့ စွမ်းရည် လဲရှိတယ်။

❖ ငါ့ရဲ့ ချစ်ခြင်းမေတ္တာဟာ တကယ်တော့မင်းတို့အတွက် အထူး ပေးတဲ့ထာဝရကယ်တင်ခြင်း လက်ဆောင် ရယ်ပါ။



သခင့်စကား ဝိညာဉ်ရေး ဂျာနယ်စောင်၊ အမှတ်စဉ် ၁၁၂၊ ဒီဇင်ဘာလ ၂၀၁၀ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။


အခုမင်းတို့ ငါ့ရဲ့ ချစ်ခြင်းမေတ္တာအကြောင်းသိကြပြီ ! ယူကြမှာလား?
ယေရှုရဲ့ ချစ်ခြင်းမေတ္တာကိုရယူနိုင်ကြပါစေလို့ နာမတော်မြတ်၌ - ကိုကြီးဆိုင်မွန်



## ရွေးချယ်မှု မလေး (ဂျူလိုင်)

မိတ်ဆွေ ငရဲ သွားချင်လား၊ ဘာ မကောင်းမှု ဒုစရိုက်မှ ပြုစရာ မလိုဘူး။
ခရစ်တော်ကို ယုံကြည်သူတွေကိုရှောင်၊ သူတို့ရဲ့ တရားစကားကို နားမထောင်မိဘို့
သတိထား စိတ်ချ...ငရဲ ရောက်စေရမယ်။
ဒါပေမယ့် မိတ်ဆွေ သာယာလှပတဲ့ ကောင်းကင် ပရဒိသုဘုံကို သွားချင်ရင်တော့
ဘာကောင်းမှု ကုသိုလ်မှ မလိုဘူး။ F.O.C အခမဲ့နဲ့ အလိုလို ရောက်သွားမယ်နော်။
အဲဒါကို မိတ်ဆွေ ရွေးချယ်ပိုင်ခွင့် အချိန်ရှိသေးတယ်နော်။ မြန်မြန် ရွေးချယ်လိုက်ပါ။
နောက်ကျသွားရင်တော့ – – –

၂ယော ၅း၁၁။ ။ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကိုပေးတော်မူ၍၊ ထိုအသက်သည် သားတော်၌ ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ။



## တောင်းဆု (နန်းဘောင်)

ငါ့ရင်ထဲမှာ ဝိညာဉ်ပကတိနဲ့ ဇာတိကပကတိ စစ်ပွဲတွေ အကြိမ်ကြိမ်တိုက်
ဝိညာဉ်ပကတိက နိုင်လိုက် ဇာတိကပကတိနိုင်လိုက်နဲ့ အချိန်တွေ ကုန်ခဲ့တယ်။
ကိုယ်တော်ဘုရားနဲ့ ဝေးကွာဖို့ ဆွဲချနေတဲ့ အရာတွေ အများကြီးထဲက ရုန်းထွက်နိုင်ဖို့ ကြိုးစားရင်း အသက်ရှင်နေတဲ့ သမ္မာတရားကို ငါဖက်တွယ်ခဲ့ရတယ်။
ဧဝံဂေလိတရား မဟောတတ်တဲ့ငါ။ ကြိုးစားပြီး ဆုတောင်း
အချိန် မနှောင်းခင် ပြောင်းလဲ လာဖို့ ပျောက်ဆုံးဝိညာဉ် သူတို့အတွက် ငါမျက်ရည်ကျခဲ့ရတယ်။
အသက်တာ အစမှာ ထာဝရဘုရားကို ကိုးစား ဦးထိပ်ထားလို့ ထိပ်ဆုံးရောက်ခဲ့တဲ့ ဓမ္မဟောင်းထဲက ရှင်ဘုရင်တွေ အသက်တာအဆုံးမှာ ထာဝရဘုရားနဲ့ဝေး၊ တရားတွေ မဲ့သွားလို့ ကျရှုံးမှုတွေနဲ့ ဇာတ်သိမ်းသွားတဲ့ သူတို့အဖြစ် --
ဒါတွေကို စံနမူနာယူ ငါအမြဲ ဆင်ခြင်နလုံးမူလို့ သေသည့်တိုင်အောင် သခင့်အပေါ် သစ္စာရှိသောသူဖြစ်ဘို့ မစပါဘုရား။



## သခင့်ဆီသို့ (ကြယ်လေးငယ်)

သခင်ရယ် ခေါင်းလေး တိုးဝှေ့လို့ သခင့်အနား လုံခြုံစွာ နေချင်တဲ့သူပါ
အတ္တတွေကြောင့် စာတန် ဆောင်ရာလိုက်ပါမိတော့ သခင် သခင်လို့ခေါ်ရင်း
သခင်နှင့် ဝေးရာရောက်လို့ လမ်းပျောက်ခဲ့ရပြီလေ။
တကယ်တော့ သခင်ရယ် ခေါ်ရင် ထူးမှန်းသိပေမဲ့ မခေါ်ဝံ့သူ အပြစ်လွှမ်းနေတဲ့ သိုးမဲငယ်လေး ဆန္ဒကဖြင့် သခင့်ခြေတော်အား နောင်တ မျက်ရည်ဖြင့် သုတ်လို့ သခင့်အနား ပြန်နေချင်တယ်။ သခင်ရယ် - - ။ နောင်တဖြင့် ---





## ကြယ် (မာရာနသာနီနီခိုင်)

ခရစ်ယာန်တိုင်း ခရစ္စမတ်ရောက်ရင် မိမိရဲ့အိမ်ကို ကြယ်ပုံစံမျိုးစုံနှင့် အလှဆင်ပြီး ချိတ်ဆွဲ တတ်ပါသည်။ လသာသောညမှာကောင်းကင်သို့မော့ကြည့်ပြီး ကြယ်များကို မြင်တွေ့ရပြီး ဖန်ဆင်းရှင် ဘုရားသခင်ရဲ့လက်ရာကို ချီးမွမ်းခံစားပြီး ရင်ထဲမှ ကြည်နူးရပါတယ်။

"ကြယ်ကို မာရပညာရှိတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ခြင်းငှာရောက်လာကြ၏" (မာ ၂း၂)

"အရှေ့ပြည်၌ မြင်ရသောကြယ်သည် သူတို့ရှေ့သွားသဖြင့် သူငယ်တော်ရှိရာ အရပ်ပေါ်သို့ ရောက်၍တည်လျက်နေ၏။ ထိုကြယ်ကိုမြင်ပြန်သောအခါ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းရှိ" (မ ၂း၉–၁၀)

"ကြယ်ရဲ့အဓိပ္ပာယ်မှာ ထောင့်၅ခုပါရှိပြီး ၁။ယုံကြည်ခြင်း၊ ၂။မျှော်လင့်ခြင်း၊ ၃။ မျှော်လင့်ခြင်း ၄။ လမ်းပြခြင်း၊ ၅။ အောင်မြင်ခြင်းပင်ဖြစ်ပါသည်။"

၁။ ယုံကြည်ခြင်း – ပရောဖက်များရဲ့ ဗျာဒိတ်ကိုယုံပြီး မေရှိယဖွားမြင့်မယ်ဆိုတာကို ယုံကြည်တဲ့ မာရ ပညာရှိများဟာ ကိုးကွယ်ရန်အတွက် ကြယ်ကလေးဟာ လမ်းပြခဲ့ပါတယ်။ ယနေ့ လောကသားများ အတွက် သခင်ခရစ်တော်ဟာ လက်ဝါးကပ်တိုင်မှာ အသေခံ ပြီး၊ အပယ်ငရဲသို့သွားရန် တံခါးကို ခရစ် တော်အားဖြင့် ပိတ်ခဲ့ပြီး ကောင်းကင်နိုင်ငံသို့ သွားရန်အတွက် ကျမ်းစာ၌ "မှောင်မိုက်တန်ခိုးမှလည်း၊ ငါတို့ကိုနှုတ်၍ ချစ်တော်မူသော သားတော်၏ နိုင်ငံတော်ထဲသို့ သွင်းတော်မူ၏" ကောလောသဲ ၁း၁၃

၂။ မျှော်လင့်ခြင်း – ခရစ်တော်ဟာ လူသားအားလုံးအတွက် အသေခံပြီး ယုံနှင့်မကသေးဘဲ သူ့ကို ယုံတဲ့ယုံကြည်သူကို တဖန်ပြန်လည်ပြီး လောကကိုလာပြီး ချီဆောင်မယ်ဆိုတာကို မျှော်လင့်ပြီး စောင့်စားနေရမှာဖြစ်ပါတယ်။ ယုံပြီးနဲ့မပြီးသေးပဲ မိတ်ဆွေရဲ့ လောကီရေးရာ လိုအပ်ချက် များကိုလည်း တာဝန်ယူပေးထားတဲ့အတွက် ဘုရားရှင်ပြင်ဆင်ပေးတဲ့ နေ့ရက်သစ်ရဲ့ကောင်းကြီး၊ စုံစမ်းခြင်းကို မျှော်လင့်စောင့်စားပြီး ချီးမွမ်းရန်ဖြစ်ပါတယ်။ "ယုံကြည်ခြင်း မရှိလျှင် ဘုရားသခင်စိတ်တော်နှင့်မတွေ့ နိုင်၊ ဘုရားသခင်အထံတော်၌ ချဉ်းကပ် သောသူ၊ ဘုရားသခင်ရှိတော်မသည်ကိုငင်း၊ ကိုယ်တော်ကိုရှာ သောသူတို့အား၊ အကျိုး ပေးတော်မူ၏သည် ယုံကြည်ရမည်။" ဟေ ၁၁း၆

၃။ ချစ်ခြင်း – ခရစ်တော်ရဲ့ချစ်ခြင်းမေတ္တာဟာ ကြီးမားပါတယ်။ ယုံကြည်သူများကို ဒုစရိုက်အပြစ် မလုပ်မိစေရန် နှုတ်ကပတ်တော်ကို နေ့စဉ်ဖတ်ရှုတ် ဆင်ခြင်လိုက်ရှောက်ရန်အတွက် နှုတ်ကပတ်တော် ၌ ခရစ်တော်၏ချစ်ခြင်းမေတ္တာသည် ငါတို့ကို အနိုင်အထက် သွေးဆောင်တော်မူ၏။ ၂ကော ၅း၁၅

၄။ လမ်းပြခြင်း – မိတ်ဆွေရဲ့အသက်တာဟာ အသက်ရှင်ပုံဟာ မျိုးဆက်သစ်များကို ဘယ်လို လမ်းပြ ခဲ့သလဲဆိုတာ အရေးကြီးပါတယ်။ ဒီလောကကြီးကနေ ထွက်ခွာသွားတဲ့အချိန်မှာ လူသေပေမဲ့ နာမည် ကျန်ခဲ့ပါတယ်။ ဘယ်လိုမျိုး နေထိုင်သွားလာပြီး အနာဂတ် မျိုးဆက်များရဲ့ နှလုံးသားထဲမှာ မိတ်ဆွေ ပြသခဲ့တဲ့လမ်းဟာ သမိုင်းတွင်ကျန်ရစ်ခဲ့ဖို့အတွက် ကျမ်းစာ၌ "သင်တို့ကို ခေါ်တော်မူပြီး၊ ခရစ်တော် သည် ငါတို့အတွက် ခံတော်မူသည်ဖြစ်၍၊ ခြေတော်ရာကိုရှောက်လိုက်စေခြင်းငှာ ပုံသက်သေကိုထားတော်မူပြီ" ၁ပေ ၂း၂၁

၅။ အောင်မြင်ခြင်း – သခင်ယေရှုဟာ သေခြင်းကိုအောင်မြင်သောဘုရားဖြစ်သောကြောင့် ယနေ့ ယုံကြည်သူများ ကိုးကွယ်ဝတ်ပြုနေခြင်းဖြစ်ပြီး တမလွန်အတွက် စိတ်ချမှုတွင်မပဲ လောကမှာ ရှိသော ဒုက္ခအခက်အခဲပြဿနာများကို သူ့ထံမှချဉ်းကပ်ပြီး လောကရဲ့ ဧည့်သည် ဆိုတဲ့အတိုင်း ကျွန်ုပ်တို့ကို ဘာဝန်ထုပ်ဝန်ပိုးမှ သယ်ဆောင်တာကို အလိုမရှိပါဘူး။ စိတ်ချမှုပေးခဲ့တဲ့ ကျမ်းစာကလေးတစ်ပုဒ် ကတော့ "ဘုရားသခင်သားတော်ဖြစ်သောသူ မည်သည်ကား၊ လောကကိုအောင်တတ်၏။ လောကကို အောင်ခြင်းအကောင်းမူကား၊ ငါတို့ ယုံကြည်ခြင်းပေတည်း။ ယေရှုသည် ဘုရားသခင်၏သားတော် ဖြစ်သည်ကို ယုံကြည်သော သူမှတပါး အဘယ်သူမှ သည်လောကကိုအောင်နိုင်သနည်း။"
၁ယော ၅း၄–၅

ကြည်နူးစရာကောင်းတဲ့ ကြယ်ကလေးဟာ ကယ်တင်ရှင်ရှိရာကို လမ်းပြသလို ကျွန်ုပ် တို့ရဲ့ အသက်တာလည်း ကြယ်ကလေးလို သူတပါးကို ကူညီမစပြီး လမ်းပြကြယ်ကလေး ဖြစ်စေဖို့အတွက် – – ယေရှုရဲ့မေတ္တာ၌ (မာရာနသာနီနီခိုင်)

## သတင်းကောင်း (သို့) ခရစ်စမတ်လက်ဆောင်

မင်္ဂလာပါ စာချစ်သူ သခင့်စကား ပရိသတ်အပေါင်းတို့ ၂၀၁၀ ရဲ့ နောက်ဆုံးသော ဒီဇင်ဘာလအတွက် ဦးစွာနှုတ်ခွန်းဆက်သပါ၏။ ဤလ ကလေးကို စာရေးသူ ကြုံဖူးခဲ့တာ အခါသုံးဆယ် ကျော်ခဲ့ပေမယ့် ယခုမှ ဒီဇင်ဘာရဲ့အနှစ်ကို ခံစားမိသလို သခင့်စကား စာစောင်ပရိသတ်များအား လက်ဆင့်ကမ်းလက်ဆောင်ပေးလိုပါ၏။ အရင်တုန်းက ခရစ္စမတ်ဆိုတာ စာရေးသူအတွက် ပျော်စရာနေ့ရက်သက်သက်ပါ။ နှလုံးသား ထဲက ခံစားမှုမဲ့ပေါ့။ ယခုတော့ ခရစ္စမတ်ဆိုတာဟာ လောကသားတိုင်းရဲ့ အပြစ်တွေကို ယူဆောင်သွားဖို့ ကယ်တင်တဲ့အရှင်ရဲ့ သီးသန့်အမှတ်တရ ကမ္ဘာပေါ်ရှိ တစ်ခုတည်းသော မွေးနေ့မြတ်မဟာဆိုတာ နားလည်ခဲ့ပြီ။ ဘာကြောင့်လည်းဆိုတော့ စာရေးသူဟာ အပြစ်နွံထဲမှာနစ်နေတာကြာပြီ။ ရုန်းလေ နစ်လေပဲ။ ဘာလို့လဲဆိုတော့ ကယ်တင်ရှင်ကို နေရာပေးဖို့ အရေးတဝင် မလုပ်ခဲ့လို့ပါပဲ။ ယခု အဲဒီအပြစ်တွေအတွက် သတင်းကောင်းကို နှလုံးသွင်းပြီး ထူးမြတ်တဲ့လက်ဆောင်မွန်ကို စာရေးသူ လက်လွှတ် မခံချင်တော့ဘူး။ လောကရဲ့ ဖိစီးမှု၊ ပူလောင်မှု၊ မွန်းကြပ်မှုတွေအားလုံးနဲ့အတူ စာရေးသူ အပေါ် ပိနေသော အပြစ်ဝန်တို့ကို ယေရှုဆိုတဲ့ ကယ်တင်ရှင်ထံ ပုံအပ်လိုက်တော့မယ်။ သူက (မ ၁၁း၂၈။ ၁၈း၁၁) မှာ အာမခံချက် ပေးထားလို့ပါပဲ။ ဒါကြောင့် စာရေးသူကဲ့သို့ အပြစ်ရဲ့ ချုပ်နှောင်မှုထဲမှာ ရုန်းထွက်ဖို့ခက်နေသူအား ယခု ဤသတင်းကောင်းလေး ဝေမျှပါရစေ။ ခရစ်တော်ယေရှုဟာ အပြစ်မရှိသူအတွက် ဤလောကကို ဆင်းသက်တာ မဟုတ်ဘူး။ စာရေးသူနဲ့စာဖတ်သူ မိတ်ဆွေထဲက အပြစ်ရှိသူအတွက် ကြွဆင်းလာလို့ ဝမ်းမြောက်စွာ ဤလက်ဆောင်ကိုရယူရင်း နှစ်သစ်မှာအသက်တာသစ်နဲ့ ကြိုဆိုလျက် လျှောက်လှမ်းကြပါစို့။ စာရေးသူနှင့် စာရှုသူအတွက် သတင်းကောင်းဆိုတာ တစ်သက်တာ မှတ်ယူပါ။

## သမီးလေးဖတ်ဖို့ ရင်ဖွင့်စာ (၂) Penny

သို့ သိပ်ချစ်ရတဲ့ ချစ်သမီးလေးအတွက် စာရေးလိုက်ပါတယ်။ မေမေချစ်တဲ့သမီးလေး နေကောင်းရဲ့လား။ သမီးလေးကျန်းမာဖို့၊ သမီးရဲ့လိုအင်ဆန္ဒတွေ ပြည့်ဝနိုင်ဖို့ ထာဝရ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၂၊ ဒီဇင်ဘာလ ၂၀၁၀ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

ဘုရားသခင်ဆီမှာ မေမေ ဆုတောင်းပေးလျက်ပါ။ ဇမမေ အရမ်းလွမ်းတယ် သမီးလေးရယ်။ သမီးလေးကို ပြုစုစောင့်ရှောက်ပြီး သမီးလေးလိုအပ်တဲ့အရာတွေ ဖြည့်ဆည်းပေးပြီး အနီးကပ်ရင်အုပ်မကွာ ထားချင်လိုက်တာကွယ်။ မိခင်မေတ္တာနဲ့ကင်းဝေးနေတဲ့ ချစ်သမီးလေးကို သိပ်သနားတာပဲ။ မေမေ့ကို ခွင့်လွှတ်ပါနော်။ အရာအားလုံးက သမီးလေးရဲ့ ရှေ့ရေးအတွက်ပါ။ ဒုက္ခရဲ့နောက်မှာသုခ၊ သောကရဲ့နောက်မှာ ပျော်ရွှင်ငြိမ်သက်ခြင်းတွေ ရှိတယ်လေ။ ဒါကြောင့်မေမေနဲ့သမီးလေး အခုအချိန်မှာ ဝေးကွာနေကြပေမယ့် နောင်တစ်ချိန် ထာဝရဘုရားသခင်ရဲ့ အလိုတော်အတိုင်း ပျော်ရွှင်စွာပြန်လည် ဆုံဆည်းကြမှာပါ။ သမီးလေး မေမေ့ကို တမ်းတလွမ်းဆွေးနေမယ်ဆိုတာ မေမေ့နှလုံးသားက သိရှိခံစားနေရပါတယ်။ သမီးလေးမငိုပါနဲ့နော်။ မေမေ့ကိုသတိရ လွမ်းဆွေးနေတဲ့အခါ ထာဝရဘုရားသခင်က ကူညီမျှဝေခံစားပေးပြီး သမီးလေးလည်း ခံနိုင်ရည်ရှိမှာပေ့ါ။ ဘယ်သောအခါမှ ထာဝရဘုရားသခင်ကို မမေ့ပါနဲ့နော်။ အခုဆိုရင် ရာသီအလီလီ ပြောင်းလို့ ဒီဇင်ဘာမြူနှင်းတွေကလည်း တဖွဲဖွဲနဲ့ နှင်းမှုန်ကလေးတွေ အုပ်ဆိုင်းလျက် သာယာအေးညချမ်းကလေးကို ပိုမိုပြည့်စုံလေးနက်စေလွန်းလှပါတယ်။ နှလုံးသားမှာ လွမ်းဆွေးမှုကို ဖေါ်ကျူးလျက် အလူးအလဲ ကြိတ်မှိတ်ခံစားရင်း တားဆီးမရပါးပြင်ထက်မှ စီးကျလာခဲ့ နှလုံးသားမြစ်ရေလေးနှစ်စင်း။ ဝန်းကျင် တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက် အိမ်ပြတင်းပေါက်မှ အထက်မိုးကောင်းကင်သို့ မော့ကြည့် လိုက်တော့ မှိတ်တုတ်မှိတ်တုတ် လင်းလက်နေကြ ကြယ်တာရာလေးများနဲ့အတူ ကောင်းကင်ကြီးက သခင်ဖန်ဆင်းလိုက်တဲ့ ဖိုးရွှေလမင်းကြီးက ဘယ်နေရာမှာများ ပုန်းအောင်း နေလဲမသိ။ အမှောင်ညချမ်းလေးရဲ့ ဆူညံသံတွေကလည်း အတိတ် ပန်းချီကားချပ် နှလုံးသားမှာ ပုံရိပ်ရောင် လေးများထင်ဟပ်စေကြပါတယ်။ ဒီဇင်ဘာ ဆိုတဲ့ လဟာ ဟိုးအရင် နှစ်တွေတုန်းက ဒီဇင်ဘာနဲ့ စကားလုံးစာသားတူညီကြပေမယ့် အချိန်ကာလ ရွေ့လျားမှုကြောင့် ကွဲပြားခြားနားလျက်ရှိပါတယ်။ တချိန်တုန်းက ဒီဇင်ဘာလ ရောက်ခဲ့ရင်ဖြင့် လယ်ယာမြေမှ ဆန်စပါးရိတ်သိမ်းပြီးချိန် မိသားစု စုံလင်စွာနဲ့ ပျော်ရွှင်ကြည်နူးသံလေး ဖြာထွက်လျက် ပျော်ရွှင်မှုအနှစ်သာရ ပိုမိုပြည်စုံ စေခဲ့ပါတယ်။ သူငယ်တော်ကိုကြိုဆိုတဲ့ ခရစ္စမတ်သီကျူးသံက ဒီဇင်ဘာလရဲ့ အဓိပ္ပါယ် ပြည့်ဝလွန်းလှပါတယ်။

ခုနေအခါမှာတော့ ဒီဇင်ဘာလရဲ့အထီးကျန်နေ့ရက်တိုင်းမှာ လွမ်းဆွေးမှုကို အဖော်ပြုလျက် နေ့တစ်နေ့ ကုန်လွန်ဖြတ်သန်း နေရပါတယ်။ သမီးလေးကို ရင်ခွင်ထဲပွေ့ ဖက်ပြီး ထားချင်လိုက်တာကွယ်။ သမီးလေးမှတ်မိသေးရဲ့လား။ ဇမမေ ပြောပြဖူးတယ်လေ။ ဒီဇင်ဘာလ ၂၅ ရက်နေ့ဟာ ကမ္ဘာတဝန်းလုံးမှာရှိတဲ့ မေမေတို့ အပြစ်သားတွေ အားလုံးကို အပြစ်မှလွှတ်မြောက်ဖို့ရန်အတွက် ကယ်တင်ရှင် သခင်ယေရှုခရစ်ရဲ့ မွေးနေ့အဖြစ် သတ်မှတ်ကြတဲ့ အထိမ်းအမှတ် နေ့ထူးနေ့မြတ် ကြီးပေ့ါ။ မြူနှင်းတွေကလဲ အုပ်ဆိုင်းပြီး အရမ်းအေးချမ်းသာယာလှတဲ့ ဒီဇင်ဘာ ၂၅ ရက် နံနက်အရုဏ်ဦးမှာ သူငယ်တော် ဖွားမြင်ခဲ့တယ်။ အရင်နှစ်တွေတုန်းက မေမေနဲ့ သမီးလေး အရမ်းကို ပျော်ရွှင်ခဲ့ကြတယ်။ မေမေတို့ ယယ်စဉ်က ပြုလုပ်ခဲ့တဲ့ ဓလေ့ အတိုင်း၂၄ ရက်ည အိပ်ရာမဝင်ခင် မိမိအိပ်တဲ့ခေါင်းရင်းမှာ ပန်းကန်လေးတွေခံထားကြ ပြီး ခရစ္စမတ်ဘိုးဘိုးဆီ လိုချင်တဲ့ဆုတွေတောင်းကြတော့ ၂၅ ရက်နေ့ နံနက် အိပ်ရာနိုးလာချိန်မှာ လိုချင်တဲ့ဆုတွေ ပန်းကန်လေးထဲ စုံလင်စွာမြင်လိုက်ရတော့ အရမ်းပျော်ရွှင် ခဲ့ကြတယ်လို့ သမီးလေးကိုပြောပြခဲ့တယ်လေ။ အဲဒါနဲ့သမီးလေးလည်း ၂၄ ရက်ည အိပ်ရာမဝင်ခင် ပန်းကန်လေး ခေါင်းရင်းမှာထားလို့ ဆုတောင်းပြီး အိပ်ပျော်သွားတဲ့ ချစ်သမီးလေးကိုကြည့်ပြီး မေမေ့ရင်မှာပီတိဖြစ်ခဲ့ရတယ်။ ၂၅ ရက် ခရစ္စမတ်နံနက်ခင်း မှာ သမီးလေးအိပ်ရာနိုးလာချိန် ပန်းကန်လေးထဲ ခရစ္စမတ်ဘိုးဘိုးရဲ့လက်ဆောင် လေးတွေတွေ့လိုက်ရတော့ ဝမ်းသာပျော်ရွှင်စွာကခုန်နေခဲ့သူက မေမေ့သမီးလေးပဲပေ့ါ။ ညက မေမေ လုပ်ထားတဲ့ ချင်းရိုးရာ မုန့်ထုပ်လေးတွေကို အိမ်နီးနားချင်း၊ သမီးရဲ့သူငယ်ချင်းတွေအိမ်သို့ တစ်အိမ်တက်ဆင်း ပေးဝေခဲ့တဲ့ သမီးလေး၊ သမီးလေးကို ခရစ္စမတ် ဆုမွန်တောင်းပေးကြတယ်။

ခရစ္စမတ်ရောက်ပြီး နှစ်သစ်မင်္ဂလာ ကျရောက်ဖို့ရန် တာစူနေတော့ တစ်မိသားစုလုံး ခရစ္စမတ်သီချင်းကျူးလျက်နှစ်သစ်ကို ပျော်ရွှင်စွာကြိုဆိုလို့ရယ်ပေ့ါ၊ ဘုရား ကျောင်းကိုအမြဲတက်ချင်တဲ့၊ ဘုရားကျောင်းရောက်ရင် ပျော်ရွှင်တတ်တဲ့၊ ဘုရားသခင် မကြိုက်တာမလုပ်ရဘူးလို့ အမြဲပြောလေ့ရှိတဲ့၊ မိဘဘိုးဘွားတွေကို ချစ်ခင်သနားတတ်တဲ့၊ သက်ကြီးရွယ်အိုစကားကို နားထောင်တတ်တဲ့သူက မေမေ့ရဲ့ ချစ်သမီးလေးပါပဲ။ သမီးလေးမေမေ့ကိုခွင့်လွှတ်ပါနော်။ ဒီနှစ် ခရစ္စမတ်နေ့မှာ သမီးလေးကို ပျော်ရွှင်မှုတွေဖန်တီးမပေးနိုင်လို့ ကုန်လွန်ခဲ့တဲ့ ခရစ္စမတ်နေ့တွေကိုတွေးရင်း စိတ်ကူးယဉ်အိပ်မက်လေးတွေနဲ့ ခံစားနေတာ ဒီမေမေရဲ့ နှလုံးသားပါ။ အရင်နှစ်တွေကလို သမီးလေး ပျော်ရွှင်နိုင်ဖို့ မေမေ့ရဲ့နှလုံးသားမျက်ရည်နဲ့ တောင်းဆုပန်ပေးနေလျက်ပါ။ သမီးလေး လိမ္မာစွာ နေနော်။ ဘုရားကျောင်းသွားဖို့၊ ဆုတောင်းဖို့ မမေ့ပါနဲ့။ သက်ကြီးရွယ်အိုစကား နားထောင်၊ ဆရာ ဆရာမတွေရဲ့စကားကိုလည်းနားထောင်ပါနော်။ သမီးလေးကို အမြဲတမ်း ချစ်နေတဲ့ မေမေဆိုတာ ယုံပါနော်။ အရာရာတိုင်းမှာ သမီးလေးဟာ မေမေ့ရဲ့နှလုံးသားမှာ ပထမ ဆိုတာ မမေ့ပါနဲ့နော်။ ၂၀၀၉-၁၂-၂၅ ခရစ္စမတ်နေ့မှာ သမီးလေးဘေး အန္တရာယ်ကင်းစွာ ပျော်ရွှင်နိုင်ပါစေလို့ မေမေဆုမွန်တောင်း မေတ္တာပို့ရင်း။ သမီးလေးရဲ့ ပျော်ရွှင်တဲ့ ခရစ္စမတ်ဖြစ်ပါစေ။ Happy Christmas to you!

ကျေးဇူးတော်မြတ်၌ – Penny (မ ၁၁း၂၈)

---

**ခရစ္စမတ်ပွဲတော်၏နောက်ခံသမိုင်း** နန့်သင်းသင်းအေး ( Mary Maydalene)

အဘယ့်ကြောင့် ခရစ္စမတ်ပွဲတော်အား ဒီဇင်ဘာ၂၅ရက်နေ့တွင် ကျင်းပရပါသနည်း။

သမ္မာကျမ်းစာက မည်သည့်နေ့ရက်တွင် သခင်ယေရှုမွေးဖွား ခဲ့သည်ဆိုသော နေ့ရက်ကို အတိအကျ ဖော်ပြထားခြင်းမရှိပါ။ ခရစ်တော်သခင်၏ မွေးနေ့ပွဲတော် (သို့) ခရစ္စမတ်ပွဲတော်ကြီးသည် အေဒီ ၂၄၃ ခုနှစ် မတိုင်မီ ကာလအထိ ကျင်းပ သည်ဟူ၍ မရှိသေးပါ။ ထိုအချိန်အခါများတွင် အသင်းတော်၏ ဝတ်ပြုကိုးကွယ်မှု အပိုင်းသည် ယေရှုခရစ်၏ ဒုက္ခစရိယနှင့် ရှင်ပြန်ထမြောက်ခြင်းကိုသာ အဓိက ထားခဲ့သည်။ အေဒီ ၂၄၃ ခုနှစ် ရောက်မှသာ ပထမဦးဆုံးအကြိမ် အဖြစ် ခရစ္စမတ် ပွဲတော်ကို ရောမမြို့၌ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပခဲ့သည်။ ထိုအချိန်က စပြီး နှစ်စဉ်နှစ်တိုင်း ဧပြီ ၁၃ရက်နေ့နှင့် မေလ ၂၉ ရက်နေ့ကြား တစ်ရက်ရက်ကို ရွေးချယ်ကာ ကျင်းပလာခဲ့ကြသည်။

ခရစ်သက္ကရာဇ် ၃၃၆ ခုနှစ်က စပြီး ဤပွဲကို ရောမမြို့၌ တခမ်းတနားစည်ကား သိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ အေဒီ ၃၅၃ ခုနှစ်ကျမှသာ ရဟန်းမင်းကြီး (Pope liberius) က ဤပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ကျင်းပ ပြုလုပ်ရန် တရားဝင် ကြေငြာလိုက်သည်။ ခရစ်ယာန် ဘာသာနှင့် မစပ်ဆိုင်သည့်ပွဲတွေထဲမှာ ဒီဇင်ဘာ ၂၅ ရက်နေ့တွင် ကျင်းပသော အောင်လံ မလဲသည့် နေမင်းပွဲ (သို့) နေခုန်ပွဲ သည် ခရစ္စမတ်ပွဲတော် မပေါ်ခင်ကတည်းက ကျင်းပခဲ့သော ပွဲတော်ကြီးတစ်ခုဖြစ်သည်။

နေခုန်ပွဲဖြစ်ပေါ်လာပုံ။ ။ ဆောင်းဦးပေါက် စက်တင်ဘာလ ၂၃ရက်နေ့က စပြီး နေမင်းကြီးသည် ကမ္ဘာ့ တောင်ယဉ်စွန်းတန်းဘက်သို့ ရွေ့ဆင်းသွားသဖြင့် ကမ္ဘာ့ မြောက်ပိုင်းရှိ ကုန်းပိုင်းတွေမှာ နေရောင်ခြည် ရရှိမှု တဖြည်းဖြည်းနည်းလာပြီး အအေးဓါတ် ပိုကဲလာသဖြင့် လူတို့သည် နေမင်းကြီး ပျောက်ကွယ် သေဆုံးသွားတော့မည်ဟု မှတ်ယူနေကြသည်။ သို့သော် နေမင်းကြီးသည် ဒီဇင်ဘာ ၂၂ ရက်နေ့တွင် နေသည် အောက်သို့ ဆင်းသွားရာမှ ရပ်တန့်ပြီး ၂၅ ရက်နေ့တွင် တဖန်အီကွေတာဘက်သို့ တဖြည်းဖြည်း တက်လာရာ နဂိုက ရရှိသော နွေးထွေးမှု။ တောက်ပသော နေရောင်ခြည်တော်ကို ပြန်လည်ပေးနိုင်သဖြင့် နေမင်းကြီးသည် လောကကို အလင်းပေးနေသလို ခရစ်တော် သခင်သည်လည်း လောက၏ အလင်းဖြစ်ကြောင်းကိုလည်းကောင်း သေဆုံးနေပြီဟု အများယူဆကြသော နေမင်းကြီးသည် တစ်ခါပြန်ပြီး ပေါ်လာသကဲ့သို့ ခရစ်တော်သခင်သည်လည်း သေခြင်းကို အနိုင်ယူလျှက် ရှင်ပြန်ထမြောက်သည့် အကြောင်းကို လည်းကောင်း ပြန်လည် အောက်မေ့သတိရစေသော ပွဲနေ့ကြီး ခရ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၅ရက်နေ့တွင် ကျင်းပရခြင်းဖြစ်သည်။

သမ္မာကျမ်းစာကလဲ အေးချမ်းသည့်ဆောင်းကာလမှာ ခရစ်တော် သခင်မွေးဖွားခဲ့သည်ဟု ဖော်ပြထားသဖြင့် ဆီလျော်မှု ရှိစေရန်နှင့် လောက၏ အလင်းဖြစ်သည့် ခရစ်တော်သခင်၏ မွေးနေ့ပွဲကို ဒီဇင်ဘာ ၂၅ရက်နေ့တွင် နေခုန်ပွဲ အစားကျင်းပ လာခဲ့ရာ နောက်ဆုံး၌ နေခုန်ပွဲလည်း တဖြည်းဖြည်း မှေးမှိန် ပျောက်ကွယ်သွားပြီး ခရစ်စမတ်ပွဲ အဖြစ်သာ ယနေ့ထိတိုင် ကျင်းပလာကြခြင်းဖြစ်သည်။

ဂန်ခံချက်။ `` ။ ဓမ္မစတိုး(သုတ) စာအုပ်မှ ကောက်နှုတ်တင်ပြထားပါသည်။

---

**ခရစ္စမတ် (မင်းနဲ့အတူ)** F Penny ( Mizo) တမူး

လည်ပတ်နေတဲ့ နေ့တစ်နေ့ဟာ အချိန်တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားခဲ့တော့ မျှော်လင့်စောင်စားရတဲ့ ခရစ္စမတ် နေ့ထူးနေ့မြတ်ကို ဆိုက်ရောက်လာခဲ့ပြန်ပါပြီ။ အေးချမ်းလှတဲ့ ဆောင်းညလေးမှာ ဂုဏ်တော်ချီးမွမ်းသံများနှင့်အတူ သူငယ်တော်ကို ကြိုဆိုရင်း ပျော်ရွှင် ကြည်နူးစွာ သီကျူးသံများနှင့် လောက တစ်ခုလုံး သာယာ လှပလျှက်ပေ့ါ။ သို့ပေမဲ့ အဝေးတစ်နေရာ၊ တစ်မြေဆီ တို့တတွေ ရောက်ရှိခဲ့ကြတော့ ဆောင်းတစ်ညရဲ့ ခရစ္စမတ်နေ့ဟာ တူညီခဲ့ပေမဲ့ ကြုံတွေ့ရတဲ့ တည်နေရာနေရာ ခြားနားခဲ့ကြပြီလေ။ ပျော်ရွှင်စရာ ကယ်တင်ရှင် သခင်ယေရှု ခရစ်တော်ရဲ့



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၂။ ဒီဇင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်အသင်းတော်များ အတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မွေးနေ့ အဖြစ်သတ်မှတ်တဲ့ ဆောင်းဒီဇင်ဘာ ၂၅ရက်နေ့ ညချမ်းလေး ရောက်ရှိလာတော့ မင်းကို သတိရနေမိတယ်။ ခရစ္စမတ်ညချမ်းလေးမှာ ကယ်တင်ရှင် သူငယ်တော်ကို ကြိုဆိုသံများ၊ ဗုံတီးသံ၊ ဂီတသံ သာယာများ သီချင်းသံများနှင့်အတူ သံစဉ် အလိုက် တွဲဖက်ညီစွာ ကခုန်နေကြတဲ့ စုံတွဲလေးတွေကို ငေးကြည့်နေမိတယ်။ အထက် မိုးကောင်းကင်ကို မော့ကြည့်လိုက်တော့ ကြယ်တာရာများနှင့် လှပသာယာ လွန်းလှတယ်။ သာယာလှတဲ့ ညချမ်းလေးမှာ ပျော်ရွှင်နေကြတဲ့ သူငယ်ချင်းတွေကို ငေးကြည့်နေရင်း မင်းနဲ့ အတူ စတင်စုံစည်း ပျော်ရွှင်ခဲ့ရတဲ့ ခရစ်စမတ်ညချမ်းလေးကို အမှတ်ရ သတိရနေမိတယ်။ ကြည်နူးပျော်ရွှင်စရာကောင်းတဲ့ ကယ်တင်ရှင်သခင်ရဲ့ မွေးနေ့ ခရစ္စမတ် ညချမ်းလးမှာ မင်းနဲ့အတူ ပျော်ရွှင်ချင်တယ်။ ခရစ္စမတ်နေ့ ရောက်တိုင်း မင်းလဲဘဲ ရောက်ရှိနေတဲ့ နေရာမှာကောင်းကြီးရပါစေလို့ တောင်းဆုပြုလျှက်ပါ။ ။



---

## အရာရာတိုင်းကျေးဇူးတော်ချီးမွမ်းပါ
စောသန္တာ (သိနနစ်ခြင်းအသင်းတော်)

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်မ စင်ကာပူကို လာဖို့ အစီအစဉ်အားလုံးကို ဘုရားသခင်ဆီမှာ အပ်နှံခဲ့တယ်။ ကျွန်မ အတွက် အိမ်ရှင်ကိုလဲ ဘုရားသခင်ဘဲ ပြင်ဆင်ပေးပါလို့ ဆုတောင်းခဲ့ပါတယ်။ ကျွန်မရဲ့ ဆုတောင်းချက် အားလုံးကို ဘုရားသခင် နားညောင်းတော်မူတယ်။ ဘုရားသခင် ရွေးချယ် ပေးတဲ့ ကျွန်မရဲ့ သူဌေး မိသားစုဟာ ကျွန်မအပေါ်မှာ အရမ်းကောင်းကြပါတယ်။ ဒါဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော် သက်သက်ဘဲ ဖြစ်ပါတယ်။ ကျွန်မရဲ့ စွမ်းဆောင်မှုဆိုတာ တစ်ခုမှ မပါပါဘူး။ ဟိုး အရင် လ တုံးက အဆင်မအပြေမှု ကြုံရင် ဘုရားသခင် ဘာလို့ ကျွန်မကို ဒီလို အဆင်မပြေမှုတွေ ခံရတာလဲ လို့ မေးတတ်တယ်။ ဒါပေမဲ့ အဆင်ပြေမှုတွေ ကြုံရင်တော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းဖို့ မေ့နေတယ်။ ဒယ်ဒီ အမြဲတမ်း ပြောဖူးတယ်။ အဆင်ပြေမှု ကြုံရင် ကျေးဇူးတော် ချီးမွမ်းပါ။ အဆင်မပြေမှု ကြုံရင် ပိုပြီးတော့ ကျေးဇူးတော် ချီးမွမ်းပါတဲ့။ အဲဒီစကားကို အမြဲ ကြားယောင်နေမိတယ်။ အခု ကျွန်မ အရာရာ တိုင်းကို ကျေးဇူးတော် ချီးမွမ်းတတ်နေပါပြီ။ အလိုတော်ကို လဲ ဝန်ခံတတ်လာပါပြီ။ ဒါ့ကြောင့် ညီအစ်ကို မောင်နှမ အယောက်စီတိုင်းကို ခွန်အားပေးလိုတာကတော့ အရာရာတိုင်းကို ကျေးဇူးတော် ချီးမွမ်းပါလို့ - - (ဆာလံ ၂၇း၁၄)





---

## ပဋ္ဌမံအနမ်း
ဆူးမျက်ရည်

ကိုယ်တော်ရဲ့ ပါးတစ်ဘက်ကို ငါ ဖွဖွနမ်းပြီး ဂွတ်ဘိုင် Jesus လို့ နှုတ်ဆက်လိုက်တော့ ငါနမ်းခဲ့တဲ့ ကိုယ်တော်ရဲ့ ပါးတစ်ဘက်မှာ မျက်ရည်စက်တွေနဲ့ပါလား။ ရှေ့မှာ ကြိုနေတဲ့ မင်းရဲ့ အပြုံးမျက်နှာနဲ့ ကိုယ်တော် မျက်ရည်စက်တွေကို နှင်းခြေပြီး ငါလှမ်းလာခဲ့တော့ ဘုရားရေ - ငါ့မျက်နှာမှာလဲ အပြုံးတွေနဲ့ပါလား။ ချစ်သူ အပြုံးနဲ့ နလုံးသားရဲ့ စေစားချက်ကြောင့် ဘုရာကိုမေ့ ချစ်သူလက်ကိုဆွဲ ဟိုမှာ ဒီမှာ ထည်လဲတွဲ ပြုံးပြုံးပျော်ပျော် မြူးမြူးမော်မော် လောကမှာ ငါ့လောက်ပျော်တဲ့သူ မရှိရှာလေရော့သလား။ မိုးမမြင် လေမမြင် ဖြစ်နေချိန်မှာ ဘုရားကျောင်းက ထိုင်ခုံ လွတ်လေးလဲ ငါ့ကို လွမ်းလှပေါ့။

ကမ္ဘာကြီးက လုံးတော့ သံသရာလဲ လည်နေမှာဘဲ။ အသပြာ သုံးဆယ်ကို မက်လို့ ပဋ္ဌမံ အနမ်းနဲ့ ကိုယ်တော်ကို နမ်းပြီး ရောမ လက်ထဲ အပ်ခဲ့တဲ့ ယုဒ ရှကာရုတ်လဲ နလုံးကြေကွဲ မျက်ရည် တာကျိူး နောင်တတွေ တပွေ့တပိုက်နဲ့ ဇာတ်သိမ်း မလှခဲ့သလို ငါလဲဘဲ ပဋ္ဌမံအနမ်းနဲ့ ကိုယ်တော်ကို နမ်းပြီး ချစ်သူရဲ့အပြုံး ကိုယ်တော့် မျက်ရည်နဲ့ လဲပြီး စာတန်ရဲ့ ရင်ခွင်ထဲ ခြေစုံခုန်ဝင်ခဲ့ချိန် အပြုံးလှခဲ့တဲ့ ငါဟာ သံသရာ တစ်ကွေ့အလှည့်မှာ နလုံးသားကြေကွဲ မျက်ရည်နဲ့ မျက်ခွက် ဖြစ်နေချိန်မှ ဖျတ်ကနဲ သတိရမိတာက ယုဒရှကာရုတ်အနမ်း၊ ပဥမံအနမ်း၊ အို ကိုယ်တော် ကျွန်ုပ်လဲ ကိုယ်တော့်ကို ပဋ္ဌမံအနမ်းနဲ့ နမ်းခဲ့မိပါလေရော့လား။ လောက သာယာမှုကို မက်မောလို့ ကိုယ်တော်ကို အချိန်မပေးနိုင်ခဲ့တဲ့ လောကသာယာမှုနဲ့ ကိုယ်တော်ကို လဲခဲ့တဲ့ အကျွန်ုပ် ငမိုက်သားကို ဒုတိယ ရှကာရုတ် မဖြစ်စေဖို့ ကိုယ်တော် ချီမတော်မူပါ။ အာမင် ( ၁တိ ၄း၁၂)

---

## ကိုယ်တော့်အတွက်အချိန်လေးရယ်
ဖိုးလေး (အင်းစိန်)

နံနက်မိုးလင်းလာပြီဆိုတာနဲ့ တပြိုင်နက် တစ်နေ့တာလုံးအတွက် ပြင်ဆင်အချိန်တွေ ပေးခဲ့တယ်။ ညရောက်ပြန်တော့လဲ ပင်ပန်းနွမ်းနယ်မှုအတွက် အနားယူဖို့ အချိန် ပေးရပြန်တယ်။ ခန္ဓာကိုယ် ဝတ်စားဖို့အတွက်၊ လုံခြုံစွာ နေထိုင်ရဖို့အတွက် ကိုယ်တော်ရှင် ပေးထားတဲ့ အချိန်တွေကို အရင်းတည်ပြီး ကျွန်ုပ်တို့ အသုံးပြုခဲ့ကြတယ်။ ကိုယ်တော်ရှင် ပေးသနားတဲ့ နေ့ရက်တွေ အချိန်နာရီတွေဟာ တစ်ရက်ပြီး တစ်ရက်၊ တစ်လပြီးတစ်လ၊ တစ်နှစ်ပြီး တစ်နှစ် ကျွန်ုပ်တို့အတွက်ဘဲ အသုံး ချရင်း ကုန်လွန်သွားခဲ့ရတယ်။ ကိုယ်တော့်အတွက် အချိန်နာရီကို ပေးဆပ်ဖို့ရန် ကျွန်ုပ်တို့ လူသားတွေ မေ့လျော့နေကြတယ်နော်။ တကယ်ဆိုရင် နေ့ရက်တွေ အချိန် နာရီတွေဟာ ကိုယ်တော်ရှင် ပေးသနားတဲ့ ကျွန်ုပ်တို့အတွက် ကောင်းကြီးများဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ဘုရားကလဲ ကျွန်ုပ်တို့ သူ့ကို အချိန်ပေးဖို့ရန်အတွက် မျှော်လင့် တောင့်တနေရှာတယ်။ ဒါ့ကြောင့် မိတ်ဆွေ ပြန်လည် သုံးသပ်ပြီး တွေးတောကြည့်လိုက်ပါ။ ကိုယ်တော့်အတွက် အချိန်နာရီလေးကို ကျွန်ုပ်တို့ ပြန်လည်ပေးဆပ်ရန် သင့် မသင့် ဆိုတာကို သင သိမြင်လာပါလိမ့်မယ်။ ။

---

## မာရိကဘုရားသခင်ကိုချီးမွမ်းခြင်း
(ရှင်လုကာ ၁း၄၆-၅၅) Mary (ဖျာပုံ)

မာရိက ငါ့စိတ်နလုံးက ထာဝရဘုရားကို ချီးမွမ်းပါတယ်။ ထာဝရ ဘုရားသည် ငါ့ကို ကယ်တင်သောသူ ဖြစ်လို့ အလွန်ရွှင်လန်းဝမ်းမြောက်ပါတယ်။ ငါဟာ သိမ်ငယ်သူ ဖြစ်ပေမဲ့ ဘုရားသခင်က ကရုစိုက်ကြောင်းကို ပြတော်မူပြီ။ အခုက စပြီး လူတွေက ငါ့ကို မင်္ဂလာ ရှိသောသူလို့ ပြောတော့မယ်။ ဘာကြောင့်လဲ ဆိုရင် တစ်ဆူတည်းသော တန်ခိုးရှင်က ငါ့အတွက် ကြီးမြတ်တဲ့ အရာတွေကို ဆောင်ရွက် ပေးခဲ့လို့ ဖြစ်တယ်။ သူ့ရဲ့ နာမတော်က အလွန်ဘဲ သန့်ရှင်းပေတယ်။ ဘုရားသခင် ဟာ သူ့ကို ကိုးကွယ်တဲ့ သူတွေကို အစဉ် ကရုဏာ ထားတယ်။ လက်တော်ကို ဆန့်ပြီး တန်ခိုးတော်ကို ပြသတယ်။ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး မာနထောင်လွှားတဲ့ သူတွေကို ဘုရားသခင်က ကွဲလွင့်စေတယ်။ အစိုးရသော သူကို ရာဇ ပလ္လင်ပေါ်က ချပြီး နှိမ့်ချသူများကို ချီးမြှောက်တယ်။ ဘုရားသခင်ဟာ ဆာလောင် မွတ်သိပ်နေသူတွေကို ကောင်းတဲ့အရာတွေနဲ့ ဖြည့်ဆည်ပေးပြီး။ အတ္တသမား များကိုတော့ ဘာမှ မပေး အဝေးကို နှင်လွှတ်တယ်။ ဘုရားသခင်က သူရွေးချယ်ထားတဲ့ ယုံကြည်သူ တွေကို ကူမတော်မူပြီ။ သားသမီးများအပေါ် ပေးထားတဲ့ ကတိကို ပြည့်စုံ စေတော်မူပြီ။

---

## ငွေ့ငွေ့လေးနဲ့ ပြန်ရှင်သန်၊ ကျေးဇူးပါဘဲ အဖဘုရား
(နော်ဂျက်)

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် အသက်ပြန်လည် ရှင်သန်လာခွင့်ရတဲ့ ကျွန်မရဲ့ အသက်တာကို ချစ်သော စာဖတ်မိတ်ဆွေများ ခွန်အား ရစရာအဖြစ် အနည်းငယ် ဝေမျှချင်ပါတယ်။ ကျွန်မရဲ့ အသက်တာ တလျှောက်လုံးမှာ ကျေးဇူးတော် များစွာ ခံစားရပါတယ်။ ဒါပေမဲ့ ကျွန်မဟာ ဘုရားသခင်ကို ပုန်ကန်ပြီး ကိုယ့် အတ္တနဲ့ ကိုယ် ရှင်သန်ခဲ့တယ်။ ဘုရားကို အားကိုး ဆုတောင်းခြင်းမျိုးလဲ မရှိတော့ပါ။ ဒါပေမဲ့ ဒုက္ခတွေ့တဲ့အခါ ကြောက်လန့်ပြီး ဆုတောင်းတတ်၊ အော်ငိုတတ်၊ ဘုရားသခင်ကို ဆုတောင်းတတ်တဲ့ သူဖြစ်ပါတယ်။ ဘုရားသခင်ကလဲ ပြဿနာ အားလုံးကို ကူညီဖြေရှင်းပေးခဲ့ပါတယ်။ ဒါပေမဲ့ ခြံခုန်ဖူးတဲ့ နွားလို ကျွန်မဟာ အရင် အတိုင်းဘဲ ခြံကို ခနခန ပြန်ခုန်နေတတ်ပါတယ်။ တစ်လ လောက်သာ ဘုရားဝတ်မှာ မွေ့လျော် တတ်ပေမဲ့ ပျင်းလာတတ်ပြီး အချိန်ရှိတိုင်း ချစ်သူဆီက ဖုန်းကိုဘဲ မျှော်နေတတ် ပါတယ်။ ဒါနဲ့ ဘုရားသခင်က ကျွန်မကို နာကျင်စွာ ဆုံးမ ပါတော့ တယ်။ ဒီဆုံးမခြင်းကို ကျွန်မ မခံစားနိုင်ပါ။ ပထမပိုင်းမှာ ကျွန်မ အစာစားလို့ မကောင်းပါဘူး။ စားလို့လဲ မဝင်ပါ။ များများ စားလိုက်ရင် ဗိုက်ထဲက နာလာတတ် ပါတယ်။ အဲဒီလိုနဲ့ လပေါင်းများစွာ လူက လူရုပ် မပေါက်တော့ဘဲ စာခြောက်ရုပ် ဖြစ်လာတဲ့ အထိပါဘဲ။ ဆေးရုံကြီးမှာ ဆေး သွားစစ်ရတဲ့ အထိ ဖြစ်လာပါတယ်။ ကျွန်မရဲ့ သူဌေးတွေကတော့ အရမ်းကောင်းကြပါတယ်။ အစစအရာရာ ဝိုင်းလုပ် ပေးကြပါတယ်။ နောက်ဆုံးမှာ ကျွန်မ အစာအိမ်ရောဂါ ရသွားပါတယ်။ ညာဘက် အခြမ်းမှာ ပြင်းစွာသော နာကျင်ခြင်း ရှိလာပြီး အလေးအပင် မရင် ပိုပြီး နာတတ် ပါတယ်။ ဆရာဝန်က အကြိတ်လေးတွေ ရှိတယ်လို့ ပြောပါတယ်။ ကျွန်မ အရမ်းကြောက်ပြီး ဘုရားသခင် ငါ့ကို စိတ်ကုန်သွားပြီလို့ မှတ်ချက်ချမိပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မဟာ ဘုရားသခင်ကို အကြိမ် ပေါင်းများစွာ ပစ်ခွာသွားခဲ့လို့ပါဘဲ။ အိမ်ကိုပြန်ပြီး ခွင့်တစ်လ ယူ ဆေးပြန်ကု

ခဲ့ရပါတယ်။ဆေးက နေတုံး ဘုရားကို အားကိုးပေမဲ့ စင်ကာပူကို ပြန်လာခါနီးမှာ ဘုရားကို အားမကိုး မိတော့ပါဘူး။ ဆေးကုပေမဲ့ ဘာမှ မထူးပါဘူး။ တနင်္ဂနွေနေ့မှာ ပြန်ရောက်ပြီး နောက်နှစ်ရက် အကြာမှာ ကျွန်မရဲ့ ခန္ဓာကိုယ်ဟာ ငွေ့ငွေ့လေးဘဲ ကျန်ပါ တော့တယ်။ အဲဒီနေ့ကစပြီး ဝမ်းကိုက် ဝမ်းသွားပြီး ဘာမှ စားမဝင်တော့ပါဘူး။ ကိုယ်အပူတွေ ထိုးတက်လာတယ်။ စားသမျှ အကုန် အန်ထုတ်တယ်။ နောက်ဆုံး အစာ စားလို့ မရ။ သေက်လို့ မရ၊ အစာအိမ်ရောဂါ အခံရှိတော့ ပိုဆိုးတာပေါ့။ နောက်ဆုံး ခန္ဓာက အဝင်မရှိဘဲ အထွက်ဘဲ ထွက်နေတော့ ကိုယ်ထဲမှာ ရေဓါတ် မရှိတော့ပါဘူး။ အသက်ရှူဖို့ သိသိသာသာ ခက်ခဲလာပါတယ်။ ခေါင်းလဲ ကိုက်ပြီး နာကျင်လို့ နေပါတယ်။ ဆရာဝန်က ရေများစွာ ကိုယ်ထဲ ပြန်သွင်းပေးခဲ့ပါတယ်။ ၇ရက် တိတိ ဘုရားသခင်က ကျွန်မကို အသိတရား ရလာအောင် ဆုံးမခဲ့ပါတယ်။ အဲဒီ အချိန်မှာ တရုတ်ပြည် ရောက်နေတဲ့ ကျွန်မ ချစ်သူကို တမ်းတလာမိပါတယ်။ အချိန်ရှိတိုင်း ဘုရားနဲ့ နီးကပ်စွာ နေဖို့ ကျမ်းစာဖတ် ဆုတောင်းဖို့ ဆုံးမ သွန်သင်တတ်တဲ့ သူ့ကို ကျွန်မ စိတ်ဆိုး စိတ်နာခဲ့ဖူးပါတယ်။ ပြန် အော်ဟစ်ခဲ့ မိဖူးတယ်။ အခုတော့ ရင်ကျိုးမတတ် ကျွန်မ ပြန်ခံစားရပါတယ်။ မမျှော်လင့်ဘဲ သူဖုန်း လှမ်းဆက်တာနဲ့ ကြုံလို့ သူ့ကို ဆုတောင်းပေးဖို့ ကျွန်မ ပူဆာမိတဲ့ အခါသူ ဖုန်းထဲကနေ ဆုတောင်းပေးပါတယ်။ ဆုတောင်း ပြီးပြီးချင်း ကျွန်မ စိတ်ထဲ ဖြေသာ သက်သာလာခဲ့ပါတယ်။ ဘုရားသခင် ငါ့ကို စိတ်ကုန်သွားပြီလား မသိဘူးလို့ ပြောမိတော့ သူက ဘုရားသခင်ကို ယုံကြည်မှု ရှိစမ်းပါ။ ဘုရားသခင်ဟာ သူ့ သားသမီးဖြစ်တဲ့ တို့တွေကို မခံနိုင်တဲ့ စုံစမ်းခြင်းမျိုး မပေးဘူး တဲ့။ သူ့စကား ကြားလိုက်ရတော့ ကျွန်မ ဝမ်းသာပြီး ခွန်အားတွေ ရလာခဲ့တယ်။ အဲဒီ တစ်နေ့လုံး ဆာလံ ၂၃ ကို ပါးစပ်ထဲကနေ အမြဲ ရွတ်ခဲ့တယ်။ ၈ရက် မြောက်တဲ့နေ့မှာ ကျွန်မ ခေါင်းတွေ ပေ့ါပါးသွားပြီး ကျန်းမာလာခဲ့ပါတယ်။ ဒါဟာ ကျွန်မ ဘဝမှာ အထင်ရှားဆုံး အမှတ်တရ အဖြစ်အပျက်တစ်ခု ဖြစ်ပါတယ်။ ကျွန်မရဲ့ ကိုယ်မှာ ဘာရောဂါတွေ ရှိနေပါစေ မပူတော့ပါဘူး။ ဘာလို့လဲဆိုတော့ ဘုရားသခင်က ကျွန်မရဲ့ ပြင်ပ သဏ္ဍာန်ကို မကြည့်ဘဲ နှလုံးသားကို အစစ်အမှန် အလိုရှိတယ်ဆိုတာ နားလည် သဘောပေါက်မိတဲ့အတွက် ကြောင့်ဘဲ ဖြစ်ပါတယ်။ ။ (နော်ဂျက်)

---

## သက်သေခံချက် Imari Richard

ကောင်းကင်ဘုံမှ ကျွန်မကို ကြည့်ရှုစောင့်မနေတဲ့ အဖဘုရားသခင်ရဲ့ ဂုဏ် ကျေးဇူး တော်ကို ချီးမွမ်းရန် သက်သက် သက်သေခံခြင်းဖြစ်ပါတယ်။ အဖဘုရားဟာ ကောင်းမြတ်မှုပြီး အသက်ရှင်တဲ့ဘုရား၊ ကျွန်မတို့အယောက်စီတိုင်းရဲ့ ဆုတောင်းသံကို နားညောင်း တော်မူတဲ့ အဖ ဖြစ်တယ်ဆိုတာကို ငယ်စဉ်ကတည်းက သိခွင့် ရခဲ့တဲ့ အတွက်လည်း အဖဘုရားသခင်ကို အထူးပင် ကျေးဇူးတင်ပါတယ်။ အဖဘုရားသခင်ရဲ့ ကျေးဇူးတော်များမှာ ကျွန်မ အသက်တာ တစ်လျှောက်လုံးတွင် ရေတွက်၍ မကုန်ပါ။ ၎င်း မကုန်နိုင်သော ကျေးဇူးတော် ခံစားရမှုများတွင် အနည်းငယ်မျှကိုသာ ပြောပြချင်ပါတယ်။ အဖဘုရားသခင်ဟာ ကျွန်မတို့ အယောက်တိုင်းစီရဲ့ ဆုတောင်းသံကို နားညောင်း သော်လည်း မိမိတို့ အမှန်တကယ် လိုအပ်၍ အလိုတော်ရှိမှသာ ပေးတော်မူသော အဖဘုရား ဖြစ်တယ်။ ကျွန်မတို့ဟာ သိုးကလေးများ ဖြစ်သည့်အတွက် မိမိမြင်ကွင်း တစ်ထွာ တစ်မိုက်ကိုသာ မြင်ရပါတယ်။ ဒီသိုးကလေးများကို အဖဘုရား သိုးထိန်းက အဆုံး အစွန်ကိုကြည့်ပြီး ထိန်းကျောင်းပေးပါတယ်။ ဘုရားသခင်ဟာ အယောက်စီ အတွက် plan ရှိတယ်။ ကျွန်မ အသက်တာမှာ ဘုရားသခင် ပြင်ဆင်ပေးသော အရာများသာ ဖြစ်ပါတယ်။ ကျွန်မရဲ့ စာမေးပွဲကို ကောင်းမွန်စွာ အောင်မြင်ခွင့် ပေးခဲ့တဲ့ အတွက် အဖဘုရားသခင်ကို အထူးပင်ကျေးဇူးတင်ပါတယ်။ Result ထွက်ထွက်ချင်း တုန်းကတော့ ‘ဘုရားသခင် သမီးလိုချင်တာက ဟိုတစ်ခု၊ ဘာလို့ ဒီတစ်ခု ပေးတာလဲ’ ဆိုပြီး blame လုပ်ခဲ့ပါတယ်။ ဒါပေမယ့် ဘုရားက ကျွန်မကို ခွင့်လွှတ်ပြီး အဖြေပေး နှစ်သိမ့်ခဲ့ပါတယ်။ ကျွန်မ ကျောင်းတစ်နှစ်လုံးမှာလည်း အမှတ်ကောင်းကောင်းနဲ့ ထူးထူး ချွန်ချွန် အောင်မြင်ဖို့ပဲ ဆုတောင်းခဲ့တာကိုး။ ဒီအရာကို ကြည့်ခြင်းဖြင့် ဘုရားသခင်ဟာ တောင်းတဲ့ ဆုကို အသေအချာ နားထောင်ပြီး အတိအကျ ပေးတတ်တဲ့ ဖခင်တစ်ဦး လည်း ဖြစ်ပါတယ်။ ဘုရားသခင် ကျေးဇူးတော်ကြောင့် ကျွန်မဟာ အတန်းခွဲကြတဲ့ အရွယ်ကနေ high school ထိ အကောင်းဆုံး အခန်းမှာပဲ နေခွင့်ရခဲ့ပါတယ်။ အဲဒီ အချိန်တွေမှာတော့ ကျွန်မကို ကျွန်မ ခါတိုင်းလိုပဲ ဘုရားသခင်ပေးမှာပဲလေ ဆိုပြီး ပေ့ါပေ့ါဆဆ နေရင်း ထူးထူးချွန်ချွန် မဖြစ်ပဲ ဒုက္ခရောက်တော့မှာကို သူသိနေတယ်။ ဒါကြောင့်ပဲ ဆယ်တန်းမှာ အကောင်းဆုံးထက် နိမ့်တဲ့ တစ်ခန်းကို ပေးခဲ့ပါတယ်။ အဲဒီ အချိန်မှာ ကျွန်မကို ကျွန်မသိလိုက်ရပြီး မဖြစ်သေးဘူး ဒီလိုနဲ့တော့ ဆိုတဲ့အတွေး ပေါ်လာပါတယ်။ ကျွန်မက အဆိုးတွေကို ကြုံရတဲ့အခါတိုင်း ရင်ထဲမှာ ဝုန်းဒိုင်းကျဲပြီး ဘုရားကို အပြစ်တင် ပြောတတ်ပါတယ်။ နောက်တော့မှသာ ဘုရားသခင်ဟာ သူ့ရဲ့ plan အတိုင်း သွားနေတာဖြစ်တယ်ဆိုတာ သိရပြီး ငြိမ်သက်သွားခဲ့တယ်။ အခု နောက်ပိုင်းမှ သိပ်ပြီး complain မတက် တတ်တော့ပါဘူး။ ဘုရားရဲ့ plan ကို စိတ်ချယုံကြည်လို့ပဲ ဖြစ်ပါတယ်။ ဘုရားရဲ့ plan အတိုင်း ဘုရားသခင်ဟာ သူ့ရဲ့ သား သမီးတိုင်းကို ကောင်းစားစေချင်ပြီး အကောင်းတွေပဲ ပေးချင်လို့ဖြစ်ပါတယ်။ ကျွန်မကို ဘုရားသခင်ဟာ ဒီနည်းနဲ့မှ သတိ မပေးရင် ကျွန်မ ပြင်ဖို့လည်း သတိရမိမှာ မဟုတ်ပါဘူး။ သားသမီးများကို ဒုက္ခရောက်မှာ မလိုလားတဲ့ ဘုရားသခင် ဖြစ်ပါတယ်။ ဒီလိုနဲ့ပဲ ကျွန်မဆယ်တန်း school year မှာ သတိရှိရှိနဲ့ စာလုပ်ခဲ့တယ်။ School year တစ်ခု လုံးမှာလည်း ဘုရားသခင်ကို ကျွန်မရဲ့ personal leader အနေနဲ့ ထားပြီး ဘုရား သခင်နဲ့ အတူလျှောက်လှမ်းခဲ့ပါတယ်။ အနီးဆုံးနေရာ ဖြစ်တဲ့ ရင်ခွင်ထဲမှာ ကိန်းအောင်း နေတဲ့ ဘုရားပဲဟာ။ နောက်ထပ် အနေနဲ့ ဘုရားသခင်ဟာ ကျွန်မကို အနီးကပ် စောင့်ရှောက်ပေးမယ့် ကောင်းမွန်တဲ့ မိသားစုကိုလည်း ချပေးထားတယ်။ မိုးမိုးဟာ ဆိုရင် ကျွန်မကိုအမြဲ သွန်သင်လမ်းပြပေးတယ်။ လူမှုရေး စသည်ဖြင့် အရေးမျိုးစုံ သာမက ကျမ်းစာ စကားဖြင့်လည်း ငယ်စဉ်ကတည်းက ကယ်တင်ပိုင်ရှင်ကို မမေ့ဖို့ ဆုံးမ ပေးပါတယ်။ တစ်နှစ်လုံး မဖျားမနာပဲ ကြည့်ရှုစောင့်မပေးတယ်။ လိုအပ် တာတွေကိုလည်း ဖြည့်ဆည်းပေးတယ်။ Study မလုပ်ခင် ကျမ်းစာဖတ် ဆုတောင်းဖို့ အမြဲ သတိပေးတယ်။ ကျောင်းသွား၊ ကျောင်းပြန် ငယ်စဉ်ကတည်းက အခုထက်ထိ နှစ်ယောက်တည်း ဆုတောင်းပေးပြီး ကျွန်မကို ဘုရားလက်တော်ထဲ အပ်နှံကာ ကျောင်းသွားစေပြီး ပြန်လာစေတယ်။ ဒီလိုမျိုး အချိန်ပြည့် ကြည့်ရှုပေးနိုင်တဲ့ မိုးမိုးကို ပေးတဲ့ ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မ မိသားစုမှာ ပါးပါးက နူးညံ့သိမ်မွေ့ပြီး သားသမီးတွေကို အရမ်းချစ်တတ်တယ်။ အမြဲတမ်းလည်း ပြုံးနေတတ်တယ်။ စိတ်ဆိုး စိတ်ကောက်ပြီး အမြဲရန်ရှာ ဒေါသထွက်တတ်တဲ့ အဖေတွေထဲမှာလည်း မပါပါဘူး။ မိုးမိုးကို အရမ်းချစ်ပြီး မိုးမိုးနဲ့ သားသမီးတွေ သဘောထားချင်း မတိုက်ဆိုင်ရင်လည်း သံတမန် အဖြစ် ဆောင်ရွက်ပြီး နားဝင်အောင် နားချပေးတတ်သူလည်း ဖြစ်တယ်။ မိသားစုဝင် တိုင်းရဲ့ အခက်အခဲတွေကိုလည်း သူငယ်ချင်းလို၊ အဖေ တစ်ယောက်လို နားထောင်ပေးပြီး ဖြေရှင်းပေးပါတယ်။ သားသမီးအလိုကိုတော့ အလိုက်ဆုံးပဲ။ ဒီလို သားသမီးတွေကို အလိုလိုက်တော့ ကလေးတွေ ဆိုးသွမ်းမှာကြောက်တဲ့ ဘုရားသခင် ဟာ ကျွန်မတို့အတွက် ထက်မြက်တဲ့ မိုးမိုးကို ပေးထားပါတယ်။ မိုးမိုးဟာ သားသမီး များကို အမြဲကြည့်ရှု ထိန်းကျောင်းပေးတယ်။ သားသမီးများရဲ့ အရေးကိစ္စကိုလည်း ကိုယ်တိုင် လုပ်ရမှ ကျေနပ်တတ်တယ်။ လမ်းမှားမရောက်အောင် အမြဲတည့်မတ် ပေးတယ်။ သားသမီး စိတ်ဆိုးမှာ မကြောက်ပဲ လူရမ်းကားလုပ်ကာ ခြောက်ပြတတ်ပြီး တစ်ခါ တစ်ရံ နူးညံ့တဲ့အမေအသွင်နဲ့ ချော့ပြတတ်တယ်။ ကျွန်မရဲ့ အစ်ကိုနဲ့ အစ်မကတော့ ကျွန်မ ကောင်းကောင်းနားလည်တဲ့ အရွယ်ကတည်းက အခြားနေရာ တွေမှာ ကျောင်းသွားတတ်ကြပါတယ်။ အစ်မက အကြီးဆုံးဖြစ်ပြီး ကျွန်မကို ကလေး တစ်ယောက်လိုပဲ ဆက်ဆံပြီး သွန်သင်ဆုံးမလေ့ရှိတယ်။ အစ်ကို အလတ်ကတော့ ဆိုးတိုင်ပင် ကောင်းတိုင်ပင် အစ်ကို တစ်ယောက်ဖြစ်ပါတယ်။ ဖြစ်သမျှ အရာအားလုံး သူ့ကို ပြောပြမှ ကြိုက်တယ်။ သူက ဆုတောင်းပေးပြီး လမ်းကောင်းရွေးဖို့ ညွှန်ပြတယ်။ ပြီးတော့ ကျွန်မကို ဆုံးမဖို့ အဖိုးနဲ့ ဆွေမျိုးတွေလည်း ဘုရားသခင် ပေးထားတယ်။ ဒီလိုမျိုး ကောင်းမွန်တဲ့ မိသားစုနဲ့ ကျွန်မကို အနီးကပ် စောင့်ရှောက်ဖို့ အဖဘုရား ပေးထားပါတယ်။ စာသင်နှစ် တစ်လျှောက်လုံးမှာတော့ အနီးကပ် ပြုစုစောင့်ရှောက်သူ က မိုးမိုး ဖြစ်ပြီး၊ ပါးပါး၊ အစ်မနဲ့ အစ်ကိုကတော့ ဆုတောင်းခြင်းဖြင့် သတိရကြပါတယ်။ ဒီလိုနဲ့ ဘုရားသခင်ကို ဂုဏ်တော်ချီးမွမ်းရင်း တက်လာတဲ့ နှစ်တစ်လျှောက်လုံးဟာ အဆင်ပြေ ချောမွေ့ပြီး ပေ့ါပါးလွတ်လပ်စွာပါပဲ။ စာမေးပွဲဖြေခါနီး ၁ လခွဲ ၂ လလောက် အလိုမှာ ငယ်စဉ်ကတည်းက ဘုရားကျေးဇူးကြောင့် ပျောက်သွားတဲ့ ရောဂါဟာ ဆိုးရွားစွာ ပြန်ပေါ်လာပါတယ်။ ကျွန်မကိုကြည့်တဲ့ မိုးမိုးကတော့ အဆိုးဆုံး ကျွန်မအတွက် ပူပန်သောက ရောက်ပြီး ပင်ပန်းရှာပါတယ်။ အခြားသူ ပါးပါးနဲ့ မောင်နှမ တွေကတော့ ဖုန်းဆက် ဆုတောင်းပြီး စိတ်ပူကြပါတယ်။ ဘုရားသခင်ဟာ ကျွန်မကို ဒီအတိုင်း ကြည့်မနေပါဘူး။ မိုးမိုးလည်း နေ့ညမပြတ် ဆုတောင်းပေးကြပါတယ်။ အားလုံး ပါပဲ။ ကြင်နာတတ်တဲ့ သခင်ဘုရားဟာ ဆိုရင် ကျွန်မ ခံစားနေရတာတွေကို ပျောက်ကင်း သက်သာစေပြီး စာမေးပွဲကိုကောင်းစွာ ဖြေဆိုနိုင်ခွင့်ကို ပေးခဲ့ပါတယ်။ ဒီလိုပြင်ဆင် ပေးခဲ့တဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။ မဖြေခင် မှတ်မှတ်ရရ မိုးမိုးနဲ့ CE တတ်ခဲ့ပါတယ်။ အဲဒီနေ့မှာ ကျွန်မက ဘုရားသခင်ကို ‘အဖဘုရား သမီးကို ဖြေတဲ့ တစ်ပတ်လုံးမှာ ဆင်ခြင်ခွန်အားယူနိုင်မယ့် သတင်းစကားကို ပြင်ဆင်ပေးပြီး သမီးကို စကားပြောပါလို့’ တောင်းလျှောက်ခဲ့ပါတယ်။ CE မှာ တရားဒေသနာ ဝေမျှတဲ့ဆရာက ဒါဝိဒ်နဲ့ ဂေါလျတ် တိုက်ပွဲကို အသေးစိတ်ဝေမျှပြီး ‘ဘုရားသခင်က တိုက်ပွဲ အောင်မြင်ဖို့ ပြင်ဆင်ပြီးသားဖြစ်တယ်။ ထိုတိုက်ပွဲမှာ ထွက်တိုက်ဖို့ပဲ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၁၂၊ ဒီဇင်ဘာလ ၂၀၁၀ ခုနှစ်၊ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန်
အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

လိုတော့တယ်။ ဘုရားကိုအမှီပြုပြီး သတ္တိရှိရှိ ထွက်လာရမယ်။ ဒါဝိဒ်က လောက်စာလုံး ပစ်စားတဲ့သူလည်း မဟုတ်ဘူး။ လောက်စာလုံး ပစ်ဖို့ သင်တန်းကျောင်းလည်း မရှိပါဘူး။ ဘုရားသခင် ပြင်ဆင်မှုကြောင့် လောက်စာလုံးဟာ ဂေါလျတ် နဖူးကိုထိပြီး ဘယ်သူ ချချ မသေတဲ့ ကြီးမားလှတဲ့ ဂေါလျတ်ဟာ ဘာမဟုတ်တဲ့ လောက်စာလုံးသီးကြောင့် ဗိုင်းဗိုင်း လဲကျသွားတယ်'ကို သတိတရ ရှိနေရမယ်ဆိုတာ သိသွားတယ်။ သိထားပြီးသား အ ကြောင်းအရာ ဖြစ်ပေမယ့် ဒီအရာဟာ ဘုရားသခင် ကျွန်မအတွက် ပြင်ဆင်ပေးတဲ့ promise ဆိုတာကို သိသွားခဲ့တယ်။ ဒီလိုနဲ့ပဲ သမီးဘက်ကတော့ အတတ်နိုင် ဆုံး စွမ်းဆောင်ပြီးပြီ။ အကောင်းဆုံး လုပ်ဆောင်ပြီးပြီဆိုပြီး miracle နဲ့ပဲ တိုက်ပွဲ ဝင်ခဲ့ပါတယ်။ ဒါတွေအားလုံးဟာ သမီး လုပ်ဆောင်ခဲ့တာတွေ မဟုတ်ပဲနဲ့ ဘုရားသခင် ပြင်ဆင်ပေးတဲ့ အရာများသာ ဖြစ်ပါတယ်။ ဘုရားသခင်ဟာ သူ့ကို ယုံကြည်ကိုးစားပြီး နှလုံးသားထဲကို ခေါ်ဖိတ်လက်ခံခဲ့တဲ့ သူတိုင်းရဲ့ အနာဂတ်ကို လှပအောင် လမ်းခင်း ပေးချင်နေသူ ဖြစ်ပါတယ်။ စဉ်းစားကြည့် ကြမယ်ဆိုရင် မွေးစအရွယ် ကနေ ယနေ့ အချိန်ထိ မိမိကိုယ်တိုင် လုပ်ခဲ့သမျှဟာ ဖြစ်မလာတာတွေရှိသလို ဖြစ်လာတာ တွေဟာလည်း ဖြစ်ချင်တာချည်းပဲ မဟုတ်တာတွေလည်း ရှိတယ်။ ဒါတွေဟာ ဘုရား သခင်ရဲ့ အကြံအစည်တော်တွေဖြစ်တယ်။ ချီးမွမ်းရမည်ဆိုလျှင် ကျွန်မ နေ့ရက်တိုင်း အသက် ရှင်နေတဲ့အချိန်တွေဟာ သက်သေခံစရာ အကြောင်းအရာတိုင်း ဖြစ်ပါတယ်။ ဘုရား သခင်ဟာ လူတွေမထင်တဲ့ အရာတွေကိုလည်း ထူးဆန်းအံ့သြစွာ ပြင်ဆင် ပေးတတ်တယ်။ အဲဒါအတွက် နေ့ရက်တိုင်း ချီးမွမ်းပါတယ်။ အရာအားလုံးအတွက် ဘုရားသခင်ကို ချီးမွမ်းမည်။ ဒုက္ခရောက်ချိန်၊ စိတ်သက်သာချိန်နဲ့ အဆင် မပြေသည့် အခါတိုင်းလည်း ဘုရားသခင်ကိုချီးမွမ်းမည်။ ဘုရားသခင်ရဲ့ အံ့သြဖွယ် ကောင်းတဲ့ ဂုဏ်ကျေး သက်မှုတွေကို ခံစားရလိမ့်မည်။ ထို့ကြောင့် ကျွန်မရဲ့သက်သေခံချက်ကို ဖတ်ရှု ပေးကြတဲ့သူ အယောက်စီတိုင်းကိုလည်း ကျေးဇူးတင်လျက် ဘုရားသခင်ရဲ့အကြံ အစည် တော်ကို နာခံလိုက်လျှောက်ကာ နေ့စဉ် နှုတ်ကပတ်တော်မှတစ်ဆင့် ဘုရားသခင်ပြော ကြားသော စကားများကို လိုက်နာကျင့်ကြံပြီး မိမိတို့ဘဝ ကိုယ်စီကို အဓိပ္ပါယ်ရှိစွာနှင့် ဖြတ်သန်း စေလိုကြောင်း တိုက်တွန်းခွန်အားပေးလိုပါတယ်။ **Imari Richard**

"For I know the plans I have for you" declares the Lord. Jeremiah 29:11

---

**နေသည့်လည်း မိမိဝင်ရသော အချိန်ကိုသိ၏။ မလွှမ်းသူ (ပဲခူး)** ဆာ ၁ဝ၄း၁၉

"ထွက်မြောက်ရာကျမ်း" ကိုလေ့လာကြည့်စမ်းပါလေ။ လူမျိုးတော် ဣသရေလ – အဓမ္မ ကျွန်ပြု ခံရတဲ့အကြောင်းနဲ့ – ထာဝရဘုရားရဲ့ကယ်တင်ခြင်း – အံ့ဘွယ်ရာဖြစ်ခြင်းကို – အသေ အချာ သိသွားစေရမယ်။ "ငါ့လူမျိုးတော်ကို လွှတ်လော့"လို့ – မောရှေ အားဖြင့် မိန့် – အတိတ်က အပြစ်ကြွေး – ပြေစေခဲ့ပြီး ဖာရောဘုရင် စိတ်လျှော့ – တိုင်းပြည်က – နှင်ထုတ်တော်မူခဲ့ရတဲ့အထိပါပဲ။ ကျမ်းဖေါ်ပြလာ – အံ့ဘွယ်ရာတွေ – များပြား လွန်းလှပါတယ်။

– မီးလောင်နေတဲ့ ချုံပုတ် – အဟုတ်မြင်ခဲ့ကြရတယ်။
– ကပ်ကြီးဆယ်ပါး – ကြုံသွားစေခဲ့ရတယ်။
– မိုးတိမ်တွေပေါ်လာ – နေ့အချိန်မှာ ကွယ်ကာပြီး
– ညအမှောင်ခရီးလမ်း – မီးတိုင်တွေ တန်းစီနေလေရဲ့။
– နောက်ကလိုက်တဲ့ – အဲဂုတ္တုပြည်သားတွေ – ရေနစ်လို့ – ကျန်ရစ်စေခဲ့ တယ်။
– ခါးလှပါတယ်ဆိုတဲ့ 'မာရ'ရေ – ချိုသွားရရှာပြန်ရော။
– စားစရာ မရှိလေမှ – 'မန္န'မုန့်က ကျလာရတယ်။
– ရေ မရှိတဲ့အချိန် – 'ရေဖိဒိမ်'အရပ်ကကျောက် – ရေအမြောက်အများ ပေါက်ထွက်စေခဲ့တယ်။
– ပင်လယ်နီကို နှစ်ခြမ်းခွဲ – ဖြတ်သန်းရဲခဲ့ကြတယ်။

ပင်လယ်နီ ရှေ့ဘက်ကမ်းအရောက် – အသစ်သော လွတ်မြောက်ခြင်းကြောင့် – ကခုန်သီဆို – ပွဲခံကြကုန်သေးတယ်။
ဒီ အံ့ဘွယ်ရာ --- တန်ခိုးလက္ခဏာတွေ – အစဉ်သတိရ – အောက်မေ့ကြဖို့ – 'ပသခါ'ပွဲကျင်းပ – ဣသရေလတို့ – နှစ်စဉ်ပျော်ခဲ့ကြတယ်တဲ့။
ထွက်မြောက်ရာကျမ်းရဲ့ ဖြစ်စဉ် – စဉ်းစားဆင်ခြင်ရင်း – ဓမ္မသစ်ကျမ်းရဲ့ဖွင့်ပြချက် – ထူးဆန်းလျက် ရှိကြောင်း – ထပ်လောင်းသိစေပြန်ပါတယ်။
သခင်ယေရှုက – 'အပြစ်တရား'တည်းဟူသော – အဲဂုတ္တုပြည်က ဦးဆောင်ခေါ်ထုတ် – 'မိမိအသွေးတော်'တည်းဟူသော – ပင်လယ်နီကိုဖြတ် – 'ဂတိထားတော်မူရာ နယ်မြေ'တည်းဟူသော ကောင်းကင်နိုင်ငံတော် အရောက် – ပို့ဆောင်ခဲ့ပုံကို – ဖေါ်ကျူးနေတာပဲမဟုတ်ပေဘူးလား။
သမိုင်းကြောင်း ကပြောသမျှ – အဓိကအုပ်စိုး – ထိန်းချုပ်လို့ကြိုးကိုင် – ကြီးမြတ်တဲ့ တန်ခိုးပိုင်ရှင်ကို – အစဉ်ချီးမွမ်း – နှလုံးသားမှတ်တမ်းမှာ – ယုံကြည်ကိုးကွယ် – စိတ်အား ကြီးကြမယ်ဆိုရင်တော့ – ကြုံလာမယ့်အံ့ဘွယ်ရာ – နိမိတ်လက္ခဏာတွေက – သင့်ထံက လွဲသွားမှာ မဟုတ်ပါဘူး။
ဘုရားသခင်ရဲ့ ဘုန်းအာနုဘော် – အလိုအတွက် – ကျေးဇူးတင်လျက်နဲ့ – အသက်ရှင်ကြဖို့ – ဘယ်အချိန်မှာမှ – နောက်မကျပါဘူး။ ။

---

## သက်သေခံချက် ( ကလေးအမေ)

စင်ကာပူသို့လာရန် ဆုတောင်းခြင်းဖြင့် စတင်ခဲ့သောကြောင့် ကြီးမြတ်တော်မူသော ဘုရားသခင်၏ မစမှုနှင့် ပြည်ပသို့ ထွက်ခွာလာချိန်အထိ ၂လခန့်သာ ကြာခဲ့ပါတယ်။ မေလ ၂၅ရက်နေ့မှာ အလုပ်ရှင် ရပါတယ်။ ဇွန်လ ၆ရက်နေ့မှာ စင်ကာပူကို ရောက်လာပါတယ်။ ပွဲစားအိမ်မှာ နေရတဲ့ ၄-၅ရက်အတွင်း ကျွန်မနဲ့ အတူတူ လိုက်လာတဲ့ သူငယ်ချင်းနဲ့ အလုပ်တွေ သင်ရပါတယ်။ သူငယ်ချင်းက ကျွန်မကို နှိမ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်မက အခုမှ စင်ကာပူကို ရောက်ဖူးတာ ဖြစ်ပြီး သူက အရင်တုံးက ၂နှစ် လာလုပ်ဖူးတဲ့အတွက် အတွေ့အကြုံ ရှိတဲ့သူ ဖြစ်ပါတယ်။ ကျွန်မ အလုပ်လုပ်တာကို နှေးတယ်လို့ သူက အပြစ်တင်ပေမဲ့ အလုပ်ရှင်တွေ မရှိတဲ့ အချိန်မှာ သူဟာ ခရီးဆောင် အိတ်တွေကြားထဲ ခိုးပြီး ဝင်အိပ် နေတတ်ပါတယ်။ နောက်တစ်နေ့မှာ အလုပ်ရှင်က သဘောမကျလို့ ပွဲစားဆီ ပြန်ပို့ခံထိတဲ့ ကောင်မလေး တစ်ယောက် ရောက်လာပါတယ်။ ကျွန်မတို့ သုံးယောက် ဖြစ်သွားတာပေါ့။ ပွဲစားကတော့ ပြန်ရောက်လာတဲ့ ကောင်မလေးကို နှိမ်လိုက်တာ ရစရာ မရှိအောင်ပါဘဲ။ နေ့ခင်းဘက် အလုပ်လုပ်ချိန်မှာ ကျွန်မ ရသလောက် ကျမ်းစာလေးတွေ ပါးစပ်လှုပ်ရုံ ရွတ်တော့ သူက အဲဒီလို မရွတ်ဖို့ အိမ်ရှင်သိရင် အဆူခံ ထိမယ်လို့ပြောပါတယ်။ ညဘက်ဆုတောင်းရင်လဲ သူက ပျင်းလို့ သူ့အတွက်ပါ ဆုတောင်းပေးဖို့ ပြောပါတယ်။ နောက်တနေ့ နေ့လည်မှာ ဒေါ်ပွဲစားက မေးပါတယ်။ မနက်မိုးလင်းလင်းချင်း ဘာလုပ်သလဲတဲ့။ ကျွန်မက ကျမ်းစာဖတ်၊ ဆုတောင်းတယ်လို့ ပြောပါတယ်။ အဲဒီအခါမှာ သူငယ်ချင်းက နင်ဘာဖြစ်လို့ အဲဒီလို ဖြေတာလဲ တို့မြန်မာတွေ ဘုရားရှိခိုးတာနဲ့ ပါတ်သက်ပြီး စလုံး သူဌေးတွေ ကွန်ပလိန်း လုပ်ထားတယ်။ ဘုရားမရှိခိုး ရဘူးလို့ပြောပါတယ်။ တခြား ဗမာ မလေးတွေက သူတို့ ဘာသာ အတိုင်း မိုးလင်းလင်းချင်း အသံကျယ်ကျယ်နဲ့ ဆုတောင်း အမျှဝေတာကို အိပ်နေတဲ့ စလုံးတရုတ် အိမ်ရှင်တွေက အိပ်ရေးပျက်လို့ မကြိုက်တာ ဖြစ်ပေမဲ့ ကျွန်မက အသံတိုးတိုးနဲ့ ကျမ်းစာဖတ် ဆုတောင်းတာဖြစ်လို့ ပွဲစား မကြိုက်ရင်လဲ နေ။ ကိုယ်လုပ်ရမဲ့ အိမ်ရှင်နဲ့ ကိုယ် အဆင်ပြေရင် ပြီးရောပေါ့လို့ ကျွန်မ ပြန်ဖြေလိုက်ပါတယ်။

ကျွန်မကို ဘုရားသခင် ကောင်းကြီးပေးပါတယ်။ ၂၀၀၅ခုနှစ် ဇွန်လ ၁၁ ရက်နေ့ မှာ ကျွန်မကို ရွေးတဲ့ အလုပ်ရှင်အိမ်မှာ ယနေ့အချိန်အထိ အလုပ်နေးတဲ့ ကျွန်မ ဟာ အဆင်ပြေစွာ။ လွတ်လပ်စွာ၊ ဝလင်စွာ အိမ်သားရင်းကဲ့သို့ လုပ်ကိုင် နေ ထိုင် ရပါတယ်။ ကျွန်မရဲ့ ကျမ်းစာဖတ်၊ ဆုတောင်းခြင်းကို အပြစ်တင် ကဲ့ရဲ့တဲ့ သူငယ်ချင်း ကတော့ ၂နှစ်အတွင်းမှာ အိမ် ငါးအိမ်ပြောင်းပြီး ဒီနေ့ မနနက် စောစော ဘဲ မြန်မာပြည်ကို အပြီးပြန်သွားပြီလို့ ပွဲစားက ပြောပြပါတယ်.။ အခွန်ဆောင်ဖို့ ပိုက်ဆံ မရှိတဲ့အတွက် ပွဲစားကဘဲ စီစဉ်ပေးလိုက်ရတယ်လို့ ပြောပါတယ်။ စိတ် မကောင်းပါဘူး။ လူသစ်ဖြစ်တဲ့ ကျွန်မကို သူက နှိမ်ခဲ့ပေမဲ့ ကျွန်မကတော့ အဆင်ပြေ နေပြီး သူကတော့ ပြန်သွားခဲ့ရပါပြီ။ သူတပါး၏ ဆုတောင်းခြင်း ကျမ်းစာဖတ်ခြင်း၊ ဘုရားကို ကိုးစားခြင်းအား မထိမဲ့မြင်မပြုပါနှင့်။ သင်၏ ကိုးစားခြင်းကို မြင်နိုင်သော ဘုရားသည် သင့်ကို အစဉ် မစ ပို့ဆောင် ကောင်းကြီးပေးပါလိမ့်မည်။ ။

---

## သက်သေခံချက် Love

ကျွန်မရဲ့ ဇာတိက မြစ်ဝကျွန်းပေါ် ရွာတစ်ရွာက ဖြစ်ပါတယ်။ အထက်တန်း ပညာ ဆည်းပူးပြီးတဲ့နောက်မှာ သက်မွေးဝမ်းကျောင်းအတွက် ပုသိမ်မြို့ပေါ်တက်ပြီး စက်ချုပ်ပညာကို လေ့လာဆည်းပူးနေချိန် ဖြစ်ပါတယ်။ ရန်ကုန်မြို့ပေါ်က ဓမ္မ အမှုတော်ဆောင် ဦးလေးဆရာတစ်ပါးဟာ ကျွန်မတို့ ရှိနေတဲ့ ပုသိမ် စက်ချုပ်ဆိုင် ဘော်ဒါ ဆောင်ကို သာသနာကိစ္စနဲ့ ရောက်လာခဲ့ပါတယ်။ မိတ်ဆွေဖွဲ့ စကား ပြောမိရာက ရန်ကုန်က သာသနာလုပ်ငန်းတစ်ခုမှာ ဘုရားအလုပ်အတွက် ဆက်ကပ် နေတဲ့ ကျွန်မရဲ့ ညီမဖြစ်သူ အကြောင်း စကားမစပ်ပြောမိရာက အဲဒီ ဦးလေးဆရာဟာ ကျွန်မရဲ့ ညီမကို ကောင်းကောင်းသိနေတဲ့ သူဖြစ်နေပါတယ်။ ဦးလေးဆရာရဲ့ မေးခွန်း



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၂။ ဒီဇင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

တစ်ခုက " ဟဲ့ ညည်း စင်ကာပူမှာ အလုပ် သွားမလုပ်ချင်ဘူးလား " တဲ့။ ဘယ်ပြောကောင်းမလဲ ကျွန်မ ကလဲ သွားချင်တဲ့အကြောင်း၊ ဘာလုပ်ရမှန်းမသိ။ ဘာငွေမှ မရှိတဲ့အကြောင်း ပြောမိတဲ့အခါ ဦးလေးဆရာက သူကူညီပေးမယ်လို့ ကတိပေးခဲ့ပါတယ်။ မမျှော်လင့်ဘဲ နိုင်ငံကူးလက်မှတ် လုပ်ဖို့ ကိစ္စနဲ့ ကျွန်မ ရန်ကုန်ကို ရောက်လာခဲ့ပါတယ်။ ညီမဖြစ်သူ ဆက်ကပ်နေတဲ့ သာသနာလုပ်ငန်းက ညီမရဲ့ ဆရာမဖြစ်သူ အိမ်မှာ ခနတည်းခိုရင်း လိုအပ်တဲ့ စာရွက်စာတမ်းတွေကို လုပ်နေရပါတယ်။ ဦးလေးဆရာက နောက်မှ ပြန်ဆပ်လို့ရမဲ့ အကြွေးပွဲစားခနဲ့ အလုပ်ကို ရှာဖွေပြင်ဆင်ကူညီပေးခဲ့ပါတယ်။ လိုအပ်တဲ့ စာရွက်စာတမ်းက အစ စင်ကာပူမှာ ဝတ်ရမဲ့ အဝတ်။ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားပွတ်တံအဆုံး အပျိုမ တစ်ယောက် လိုမဲ့ ကိစ္စအဝဝ နဲ့ ငွေကြေးအားလုံးကို ညီမရဲ့ ဆရာမက လက်ဆွဲ သေတ္တာတစ်လုံးနဲ့ အပြည့် ပြင်ဆင်ပေးခဲ့ပါတယ်။ ကျွန်မ စင်ကာပူကို လာအလုပ်လုပ်ဖို့ ငွေတစ်ပြားမှ မကုန်၊ ဘာမှ အားမစိုက် ခေါင်းမစား ခဲ့ရပါဘူး။ ကျွန်မကို ချစ်တဲ့ အဖဘုရားသခင်က ထို အမှုတော်ဆောင် ဦးလေးဆရာနဲ့ ညီမရဲ့ ဆရာမ အားဖြင့် လိုအပ်တာ အားလုံးကို အပို အလို မရှိ ကွက်တိ ပြင်ဆင်ပေးခဲ့ပါတယ်။ ဆရာနဲ့ ဆရာမကို အထူး သတိရ ကျေးဇူး တင်လျှက်ပါ။

ကျွန်မအခု စင်ကာပူမှာ အလုပ်လုပ်နေတာ ၄နှစ်ကျော်ခဲ့ပါပြီ။ ကျွန်မရဲ့ ညီမလေးလဲ အခုဆိုရင် ကျွန်မ ရှိနေတဲ့ စင်ကာပူကို လိုက်လာနိုင်ခဲ့ပြီး အတူတူ အလုပ် လုပ်ရင်း မိဘကျေးဇူးကို ပြန်ဆပ်ကာ ဘဝအတွက် သမ္မာအာဇီဝနဲ့ ငွေရေးကြေးရေးကို ရှာဖွေ လုပ်ကိုင် စားသောက်နိုင်တဲ့ အခွင့်ကို ရခဲ့ပါတယ်။ ကျေးဇူးတော်ကြောင့် တစ်လမှာ တစ်ခါ ဘုရားကျောင်း တက်ခွင့်ရခဲ့ပါတယ်။ အသင်းတော်မှာ ကျွန်မတို့ ညီအစ်မ နှစ်ယောက် တစ်ခါတစ်ရံ သီချင်းဆိုပြီး ဘုရားအတွက် ဆက်ကပ်ကာ ဂုဏ်တော် ချီးမွမ်းလေ့ ရှိပါတယ်။ ဘုရားသခင်သည် ကောင်းမြတ်တော်မူကြောင်း မစသော ဘုရား။ အသက်မွေးလောက်သော အစာသာမက မိုးကောင်းကင် ပြူတင်းပေါက်ကို ဖွင့်ကာ ကောင်းကြီးပေးသော ဘုရားဖြစ်ကြောင်း ကျွန်မတို့ ညီအစ်မ နှစ်ဦးရဲ့ အသက်တာအားဖြင့် သက်သေခံလိုက်ပါတယ်။ အားလုံးအပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေ။ ။ Love

---

## ကျွန်တော်နှင့်မွေးနေ့ပွဲတော် *(မင်းအောင်သက်လွင်)*



*အလင်းရောင်။* ကမ္ဘာလောကကြီး တစ်ခုလုံးရဲ့ ခရစ္စမတ် သင်္ကေတ ဟာ "အလင်း ရောင်" ဘဲဖြစ်ပါတယ်။ ခရစ္စမတ် အခါသမယမှာ အလင်းရောင်တွေကို အိမ်မှာ၊ ဈေးဆိုင်တွေမှာ၊ မြို့လမ်းမ တစ်လျှောက်မှာ ထိန်ထိန်ငြီး ထွန်းလင်းနေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ လူတွေဟာ သစ်ပင်တွေပေါ်မှာလဲ အလင်းရောင်တွေကို ထွန်းညှိ ထားတတ် ကြပါတယ်။ အလင်းရောင်ရဲ့အကြောင်း နောက်ကြောင်း ပြန်ကြည့်မယ် ဆိုရင်၊ ကျွန်တော်တို့ရဲ့ ဘိုးဘေးတွေဟာ ခရစ္စမတ်သစ်ပင် တွေပေါ်မှာ ဖယောင်းတိုင် ငယ်လေးတွေကို ထွန်းညှိကြပါတယ်။ နောက်ပိုင်းမှာတော့ လျှပ်စစ်မီးလုံးရောင်စုံတွေကို အစားထိုး သုံးစွဲလာတာကို တွေ့ရပါတယ်။ ၂၄နာရီတစ်ရက် အတွင်းမှာ ၁၂နာရီနီးပါး နေလုံးကြီးရဲ့ မျက်ကွယ်ပြုခြင်းကို ခံရတဲ့ ကမ္ဘာမြေကြီးဟာ အမှောင် ဖုံးလွှမ်းလေ့ ရှိတာကြောင့် အလင်းရောင်ဟာ သတ္တဝါတိုင်းအတွက် မရှိမဖြစ် အရေးကြီးတဲ့ အရာတစ်ခု ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်တဲ့ စင်ကာပူနိုင်ငံဟာ ၂၄နာရီလုံးလုံး လျှပ်စစ်မီး နဲ့ အလင်းရောင်ရရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ နှစ်အနည်းက ကျွန်တော် ညဂျူတီနဲ့ ကုမ္ပဏီမှာအလုပ်လုပ်နေချိန်မှာ စင်ကာပူနိုင်ငံတွင်းက လျှပ်စစ်ဓါတ် အားပေးစက်ရုံရဲ့ ချို့ယွင်းမှုကြောင့် ည သန်းခေါင်ယံအချိန်လောက်မှာ စင်ကာပူနိုင်ငံက မြို့နယ်လေးခုလောက်ဟာ ၃နာရီနီးပါး အမှောင်ထုထဲကျရောက်သွားခဲ့ပါတယ်။ ကျွန်တော် မောင်းနှင်နေတဲ့ စက်ယန္တယားကြီး ထိုးရပ်သွားသလို စက်ရုံတစ်ခုလုံး မှောင်မဲ လို့ သွားခဲ့ပါတယ်။

ပုံမှန်နေ့လည်အချိန်ဆိုရင် ကျွန်တော့် ကုမ္ပဏီဟာ ဝန်ထမ်းတစ်ရာနီးပါးရှိပေမဲ့ ညဂျူတီအချိန်မှာတော့ လုံခြုံရေးဝန်ထမ်းအပါအဝင် အလုပ်သမားလေးဦးသာ ရှိတာမို့ မီးပြတ်သွားချိန်မှာ တော်တော်လေး ဒုက္ခရောက်သွားခဲ့ပါတယ်။ နောက်နေ့ မနက်မှာ စင်ကာပူလေးမြို့နယ် မီးအမှောင်ကျရောက်သွားတဲ့ ကိစ္စဟာ သတင်းစာ ခေါင်းကြီးပိုင်းမှာ ပါလာခဲ့ပါတယ်။ အလင်းရောင် မရှိတဲ့အတွက် အလုပ် မလုပ်နိုင်သလို ကြောက်ရွံ့မှုတွေ၊ စိုးရိမ်မှုတွေ၊ အားငယ်မှုတွေ ဝင်ရောက်လာခဲ့ပါတယ်။ သာမာန် အလင်းရောင်တောင်ဒီလောက် အရေးပါနေရင် ကျွန်တော်တို့ရဲ့ ဝိညာဉ်ရေးရာ အလင်းရောင်က သာ၍ အရေးပါတယ်ဆိုတာ သတိမမေ့ကြဖို့ လိုပါတယ်။

ဖယောင်းတိုင်က အမှောင်ချခံထားရတဲ့ လောကကမ္ဘာကြီးကို အလင်းရောင် ပေးဖို့ ရောက်လာတဲ့ ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်တော်ကို ကိုယ်စားပြုပါတယ်။ ခရစ္စမတ်အချိန်မှာ သင်တွေ့ရမဲ့ ဖယောင်းတိုင်မီး၊ လျှပ်စစ်မီးရောင်စုံ တစ်ခုချင်းစီဟာ ယေရှုခရစ်တော် လောကထဲကို ဆင်းကြွလာတဲ့ သင်္ကေတ ဘဲဖြစ်ပါတယ်။

အလင်းရောင်ရဲ့ အမှတ်တံဆိပ် နောက်ကွယ်မှာ အလင်းရောင်ရဲ့ အနှစ်သာရ ဖြစ်တဲ့ ယေရှုလောကကို ဆင်းသက်လာရခြင်းအကြောင်း မသိသေးတဲ့ သူတွေ အများကြီး ရှိနေပါတယ်။ ယော ၁း၇ မှာ – ထိုသူကို လူအပေါင်းတို့သည် အမှီပြု၍ ယုံကြည်ခြင်းသို့ ရောက်မည်အကြောင်း ထိုသူသည် သက်သေခံဖြစ်၍ အလင်းတော်၏ အကြောင်းကို သက်သေခံခြင်းငှာသာလာ၏။ ဟုတ်မှန်သော အလင်းမူကား ဤလောကသို့ ကြွလာလျှက် ခပ်သိမ်းသော လူအပေါင်းတို့အား၊ အလင်းကို ပေးသော သူဖြစ်သတည်း။ လို့ပြောထားပါတယ်။ ရှင်ယောဟန်က ဘယ်သူက လောကရဲ့ အလင်းဖြစ်တယ်ဆိုတဲ့ အကြောင်းနဲ့ သူ့ကို ဘာဖြစ်လို့ လောကထဲ စေလွှတ်ရတယ် ဆိုတဲ့ အကြောင်းကို ကျွန်တော်တို့ နားလည်လာရမယ်လို့ ကတိပေးထားပြန်ပါတယ်။ ထိုသူကို လက်ခံသမျှသော သူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သော သူတို့အား ဘုရားသခင်၏ သား ဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။

အလင်းရောင်ရဲ့ နောက်ကွယ်မှာ အလင်းရှင် ယေရှုသခင်ကို သင်တွေ့မြင်နိုင်ပါစေ လို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

*ဘုရားသခင်၏မျက်နှာတော်။* ခရစ္စမတ်ကဒ် ဆေးရောင်စုံခြယ်တဲ့ ပြိုင်ပွဲလေး တစ်ခုကို ကျင်းပကြပါတယ်။ ပန်းချီ ပညာရှင် တော်တော် များများနဲ့ စိတ်ပါဝင်စားသူတွေ တက်ရောက်ကြပါတယ်။ ဆေးရောင် ခြယ်ရမဲ့ ခရစ္စမတ် သရုပ်ဖော်ပန်းချီကို အဖြူ အမည်းနဲ့ ရေးဆွဲထားပြီးဖြစ်ပါတယ်။ ပြိုင်ပွဲဝင်သူ ပန်းချီဆရာက ပုံကို ထပ်ရေးဆွဲစရာမလိုဘဲ ဆွဲထားပြီးသားပုံပေါ်မှာ ဆေးအရောင် ခြယ်ပေးရုံ သက်သက်ပါဘဲ။

ဒီလိုပြောလိုက်တော့ ပန်းချီဆရာ တော်တော်များများက ပြုံးပြီး "ဒါလေးများကွာ၊ ထမင်းစား ရေသောက်သလောက် လွယ်ပါတယ်။ မျက်စိမှိတ်ပြီးတောင် အရောင်ခြယ် ပေးလိုက် အုံးမယ်" လို့ပြောကြမှာပါ။ ဒါပေမဲ့ အရောင်ခြယ်ရမှာက သိုးထိန်းကို မဟုတ်ဘူး၊ သိုးလေးတွေ ကိုလဲမဟုတ်ဘူး။ နွားတင်းကုတ်ကိုလဲ ဆေးရောင်ခြယ်ပေးစရာ မလိုဘူး။ မယ်တော်မာရိ၊ ယောသပ် နဲ့ ပညာရှိတွေကိုလဲ အရောင်ခြယ်ပေးစရာ မလိုဘူး။ ဒါဖြင့် ဘယ်ဟာကို ( သို့) ဘယ်သူ့ကို ဆေးရောင်ခြယ်ပြီး ပြိုင်ပွဲဝင်ရမှာလဲ။ ဟုတ်ကဲ့။ သူငယ်တော် ယေရှုရဲ့ မျက်နှာတော်ကို ဆေးရောင်ခြယ်ရမှာပါ။ ပန်းချီဆရာ တော်တော်များများက လူ ဒါမှမဟုတ် အရာဝတ္ထု တစ်ခုခုကို ရေးဆွဲတော့မယ် ဆိုရင် ပုံစံပြ နမူနာ ပစ္စည်းကို ကြည့်ပြီးမှ ရေးဆွဲလေ့ရှိပါတယ်။ ဒါမှလဲ ရေးဆွဲခံတဲ့ ပစ္စည်း (သို့) သတ္တဝါဟာ ပီပီပြင်ပြင် အသက်ဝင်ပြီး ရုပ်လုံးပေါ်မှာ ဖြစ်ပါ တယ်။ ကိုင်း – ဒါဖြင့် အခု ပြိုင်ပွဲဝင်ရေးဆွဲရမဲ့ သူငယ်တော်ယေရှုရဲ့ မျက်နှာတော်ကို ရေးဆွဲဖို့ ဘယ်သူ့ကို ပုံစံနမူနာ ယူမှာလဲ၊ ပန်းချီဆရာတွေကလဲ သူငယ်တော်ယေရှုရဲ့ မျက်နှာတော်ကို မဖူးမြင် ဖူးတဲ့အတွက် ရမ်းသမ်း ရေးဆွဲရမှာဖြစ်ပါတယ်။

ပြိုင်ပွဲ ပြီးသွားတဲ့အခါမှာတော့ ပန်းချီဆရာ တော်တော်များများဟာ သူငယ်တော်ရဲ့ မျက်နှာတော်မှာ သက်တံ့ခုံးလို ရောင်ခြည်တန်းလေး ရေးဆွဲပြီး ပြိုင်ပွဲ ဝင်သွားကြတဲ့အတွက် ကျွန်တော်တို့ မြင်တွေ့နေကျဖြစ်တဲ့ ခရစ္စမတ်ကဒ်တိုင်းမှာ သူငယ်တော်ရဲ့ မျက်နှာ တော်မှာ ရောင်ခြည်ထွန်းတဲ့ သရုပ်ဖော်ချက်ကို တွေ့ရမှာ ဖြစ်ပါတယ်။ ပန်းချီဆရာ အများစုက ၂ကော ၄း၆ ကျမ်းချက်အရ ခရစ်တော်ရဲ့ မျက်နှာတော်ကို အလင်းတန်း အရိပ် အဖြစ်သုံးပြီး အရောင်ခြယ် ရေးဆွဲသွားကြတာ ဖြစ်ပါတယ်။

( မှောင်မိုက်ထဲက အလင်း ထွန်းလင်းမည် အကြောင်း မိန့်တော်မူသော ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသော ဉာဏ်၏ အရောင်ကို ပေးလိုသောငှာ ငါတို့စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏ ၂ကော ၄း၆ )

* ထွက်မြောက်ရာ ၃၃း၁၂–၂၃ သိန တောင်တော်ပေါ်မှာ ထာဝရဘုရားသခင်ဟာ မောရှေနဲ့ အတူတူ စကားပြောခဲ့ပါတယ်။

ထာဝရဘုရားက သင်လျှောက်သည်အတိုင်း ငါပြုမည်။ သင်သည် ငါ့ရှေ့၌ မျက်နှာရပြီ။ သင့်ကို သင်၏ နာမဖြင့် ငါသိ၏။ ဟု မောရှေအား မိန့်တော်မူ၏။ တဖန်တုံ ကိုယ်တော်၏ ဘုန်းအား အကျွန်ုပ်အား ပြတော်မူပါ။ အကျွန်ုပ် တောင်းပန်ပါ၏ဟု လျှောက် လျှင် ထာဝရဘုရားက ငါ၏ကောင်းမွန်ခြင်း ရှိသမျှကို သင့်ရှေ့၌ ငါလျှောက်သွား စေမည်။ ထာဝရဘုရား၏ နာမတော်ကိုလဲ သင့်ရှေ့၌ ငါကြွေးကြော်မည်။ … … သို့ရာတွင် သင်သည် ငါ့မျက်နှာကို မမြင်နိုင်ရာ။ ငါ့မျက်နှာကို မြင်လျှင် အသက်



*သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၁၂။ ဒီဇင်ဘာလ ၂၀၁၀ခုနှစ်။ စင်ကာပူနိုင်ငံရှိ မြန်မာခရစ်ယာန် အသင်းတော်များအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။*

ရှင်ရသောသူ တစ်စုံတစ်ယောက်မျှ မရှိ ဟူ၍၄င်း … … ငါ့လက်ကို သိမ်းရုပ်သောအခါ ငါ့ကျောကိုသာ မြင်ရမည်။ ငါ့မျက်နှာကို မမြင်ရ ဟူ၍၄င်း မိန့်တော်မူ၏။

ဘုရားသခင်က သူ့ရဲ့ မျက်နှာတော်ကို လူသားတွေကို မြင်ခွင့် မပေးခဲ့တာ ဆယ်စုနှစ် ပေါင်းများစွာ၊ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလို ကြပ်တည်း စွာ တားမြစ်ခဲ့တဲ့ ဥပဒေဟာ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ ဖျက်သိမ်း သွားခဲ့ပါတယ်။ ကမ္ဘာ့ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ မွေးဖွားလာတဲ့ ကယ်တင်ရှင်၊ ဘုရားသားတော်၊ ဘုရားစင်စစ်၊ ယေရှုခရစ်တော်ရဲ့ မျက်နှာတော်ကို သာမာန်လူ သိုးထိန်းတွေက မျက်ဝါးထင်ထင် ဖူးမြင်ခွင့် ရသွားခဲ့ကြပါတယ်။ ဓမ္မဟောင်းခေတ်က ရှေးသန့်ရှင်းသူ မောရှေ မြင်ခွင့်မရခဲ့တဲ့ ဘုရားသခင်ရဲ့ မျက်နှာတော်ကို ဓမ္မသစ်ခေတ်က လူမှုရေး အဆင့်အတန်း နိမ့်ကျ နုံချာတဲ့ သိုးထိန်းတွေ၊ ပညာရှိတွေ ဖူးမြင်ခွင့် ရသွားကြပါတယ်။

ကမ္ဘာ့ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ ဘုရားသခင်က သူ့ရဲ့ မျက်နှာတော်ကို လူသားတွေမြင်နိုင်ဖို့ အခွင့်ထူးတစ်ရပ်ကို ပြင်ဆင်ပေးသွားခဲ့ပါတယ်။ ဒါပေမဲ့ မိတ်ဆွေနဲ့ ကျွန်ုပ်ဟာ အဲဒီ ပထမဦးဆုံး ခရစ္စမတ်နေ့မှာ အသက်ရှင်နိုင်ခွင့် မရခဲ့ကြတဲ့အတွက် ဘုရားသခင်ရဲ့ မျက်နှာတော်( သားတော်ယေရှုခရစ်ရဲ့ မျက်နှာတော်) ကို ဖူးမြင်ခွင့် မရခဲ့ကြပါဘူး။ အဲဒီ အချိန်အခါတုံးက အသက်ရှင်ခွင့်ရကြတဲ့ တမန်တော်တွေနဲ့ လူအချို့ဘဲ မြင်ခွင့်ရသွားကြပါတယ်။ ခရစ်တော်ဟာ လူသားအဖြစ် လှုပ်ရှား သွားလာ၊ တရားဟော၊ သာသနာပြု၊ အသေခံ၊ ရှင်ပြန်ထမြောက် သွားတဲ့အတွက် ခရစ်တော် လက်ထက်မှာ မွေးဖွားအသက်ရှင်တဲ့ ဒေသက လူတွေ မြင်ခွင့် ရသွားခဲ့ကြပါတယ်။ တမာန် တော်ကြီး ရှင်ပေါလုဟာ ခရစ်တော် ရှင်ပြန်ထမြောက်ပြီးမှ တပည့်တော် ဖြစ် လာတဲ့အတွက် လူ့ဇာတိခံတဲ့ ယေရှုခရစ်တော်ရဲ့ မျက်နှာတော်ကို မြင်ခွင့် မရသွားခဲ့ ပါဘူး။ ဒါပေမဲ့သူက "ဘုရားသခင်သည် ယေရှုခရစ်၏ မျက်နှာ၌ ထွန်းလင်းသော ဘုရားသခင်၏ ဘုန်းတော်ကို သိသောဉာဏ်၏ အရောင်ကို ပေးလိုသော၄ာ ငါတို့ စိတ်နှလုံးထဲ၌ အလင်းကို ထွန်းလင်းစေတော်မူ၏" လို့ပြောခဲ့ပါတယ်။ ၂ကော ၄း၆

ယခု မျက်မှောက်ခေတ်မှာလဲ ဘုရားသခင်ဟာ သူ့ရဲ့ မျက်နှာတော်ကို ယုံကြည်သူများ မြင်သာစေဖို့ ဖွင့်လှစ် ပြသ နေဆဲပါဘဲ။ ဘုရားသခင်ရဲ့ မျက်နှာတော် ရောင် ခြည် ကို သမ္မာကျမ်းစာ ဖတ်ရှုခြင်းဖြင့် သိမြင်နိုင်ပါတယ်။ သန့်ရှင်းသော ဝိညာဉ် တော် ဘုရားရဲ့ ဖွင့်ပြမှုနဲ့ သားတော်ယေရှုခရစ်ရဲ့ မျက်နှာတော်အတွင်းမှာ ဘုရားသခင် ရဲ့ မျက်နှာတော်ကို ဖူးမြင်နိုင်ပါတယ်။ ဒါဟာ နိမိတ်လက္ခဏာဘဲ ဖြစ်ပါတယ်။ ခရစ္စမတ် ရဲ့ အံ့သြဘွယ်ရာ နိမိတ် လက္ခဏာဘဲ ဖြစ်ပါတယ်။ ။

*ကျွန်တော်နှင့်မွေးနေ့ ပွဲတော်။* ကျွန်တော့် အသက်အရွယ်နဲ့ တကယ်ဆို မွေးနေ့ ပေါင်း မြောက်များစွာကို ကျင်းပနိုင်ပေမဲ့ ကျွန်တော့် ဘဝမှာ အခုထက် ထိ မွေးနေ့ ၅ ကြိမ်ဘဲ လုပ်ခဲ့ဖူး ပါတယ်။ မွေးပြီး ပြီးချင်း တုံးက တော့ ဘုရားကျောင်း မှာ ကျွန်တော့်ကို ဆက်ကပ် ပေးခဲ့ တယ်လို့ အမေ ပြောပြခဲ့လို့ သိခဲ့ရပါတယ်။ လူမှန်း သိတတ်စ ၃-၄ နှစ်သား အရွယ်က စမယ်ဆိုရင် …

၁၂နှစ်သား အရွယ်မှာ မွေးနေ့ပွဲ လုပ်ခဲ့ဖူးပါတယ်။ ဘုရား ကျောင်းက လူတွေ အယောက် ၅၀ နီးပါးလောက် လာကြတယ်။ မုန့်ဟင်းခါး ကျွေးတယ်။ ဒါပေမဲ့ မွေးနေ့က ကျွန်တော့်ရဲ့ တကိုယ်တော် မွေးနေ့ မဟုတ်ဘူး။ ဖက်စပ် မွေးနေ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် အစ်မနဲ့ ကျွန်တော်က မွေးလချင်း တူတဲ့အတွက် အကုန်အကျ သက်သာအောင် အမေက မောင်နှမ နှစ်ယောက်ကို ဖက်စပ်မွေးနေ့ လုပ်ပေးတာ။ အသက် ၂၅နှစ်တုံးက မွေးနေ့ လုပ်တယ်။ အဲဒီတုံးက ကျွန်တော်က အစိုးရ စက်ရုံ တစ်ခုမှာ အလုပ်လုပ်နေသလို ဆန်းဒေးစကူးလ် သင်ပေးနေတဲ့အတွက် ကိုယ့် လခနဲ့ ကိုယ် တစ်ကိုယ်တော် လုပ်တာ။ ဆန်းဒေးစကူးလ် ကလေးတွေ နဲ့ သူငယ်ချင်းတွေ အယောက် ၇၀ကျော် လောက်လာကြတယ်။ အသက် ၂၆နှစ် မွေးနေ့ကျတော့ အလုပ်ကထွက်လိုက်ပြီးလို့ ဝင်ငွေ မရှိတော့တဲ့ အတွက် ရင်းနှီးတဲ့ သူငယ်ချင်းတွေက ကျွန်တော့်အတွက် စားစရာနဲ့ မွေးနေ့ကိတ် တွေကို သူတို့ပိုက်ဆံနဲ့ သူတို့ ဝယ်လာပြီး ကျွန်တော့်မွေးနေ့ကို အိမ်မှာ အကျဉ်းချုံးပြီး လုပ်ပေးခဲ့ပါတယ်။ လူ ၁၀ယောက် လောက်နဲ့ပေါ့။

အဲဒီလိုနဲ့ ကျွန်တော် စင်ကာပူကို ရောက်လာပါလေရော၊ ပိုက်ဆံ တော့ ရှိလာပါရဲ့၊ မွေးနေ့လုပ်ဖို့ အချိန်မရှိတာရယ်၊ နေရာ မရှိတာရယ်။ မွေးနေ့ပွဲ ဖိတ်ရ လောက်အောင် အသိမိတ်ဆွေ မရှိတာရယ်ကြောင့် စင်ကာပူ မှာ နှစ်တော် တော်ကြာခဲ့ပေမဲ့ မွေးနေ့ ၂ခါဘဲ လုပ်ဖြစ်ခဲ့ပါတယ်။ ပထမ တစ်ခါ ကတော့ ပုသိမ်က ယုံကြည်သူ ညီအစ်ကိုမောင်နှမတွေ တိုပါးယိုး ပန်းခြံထဲမှာ လုပ်တဲ့ မွေးနေ့ပွဲမှာ တရား ဟောဖို့ ကျွန်တော့်ကို လာဖိတ်တဲ့ အတွက် မွေးနေ့တရား သွားဟောပေးခဲ့ပါတယ်။ တိုက်တိုက် ဆိုင်ဆိုင်ပါဘဲ အဲဒီနေ့က မွေးနေ့ရှင်နဲ့ ကျွန်တော့်ရဲ့ မွေးလ သွားတူ နေတဲ့အတွက် တရား ဟောရင်း ထည့်ပြောလိုက်တဲ့အခါ သူတို့က အားနာပါးနာနဲ့ ကျွန်တော့် မွေးနေ့ကိုပါ အရေးပေါ် ပေါင်းပြီး လုပ်ပေးတဲ့အတွက် သူများမွေးနေ့ကိတ်မှာ ကိုယ်ပါ ယောင်တောင် ပေါင်တောင်နဲ့ ဖယောင်းတိုင် မှုတ်ပြီး အချောင် ကပ်မြှောင် မွေးနေ့ပွဲ လုပ်လိုက်ရပါတယ်။

နောက် တစ်ခါကတော့ မွေးနေ့ ပွဲလုပ်ချင်တဲ့စိတ် ရှိနေတဲ့အတွက် ကျွန်တော်နဲ့ ဘဝတူ အလုပ်ကြမ်းသမားတွေ စုပေါင်း ဘုရားရှိခိုးတဲ့ စင်ကာပူက နိုင်ငံခြား သား အလုပ်ကြမ်းသမားတွေ စုပေါင်းနေထိုင်တဲ့ ဘလူး စတားစ် ဘော်ဒါဆောင်မှာ လုပ်ခဲ့ပါတယ်။ မိတ်သဟာယ သောကြာနေ့ ညဖက် လမ်းဘေးက ရေမြောင်းကြီး ဘေးမှာ မွေးနေ့ပွဲကို ည ၁၀နာရီ လောက်မှာ လုပ်ခဲ့ဖူးပါတယ်။ အဲဒီတော့ ကျွန်တော့် ဘဝ မှာ ဒီအသက် ဒီအရွယ်ရှိတဲ့ ဒီအချိန်ထိ လူစုံတက်စုံနဲ့ လုပ်ခဲ့တဲ့ မွေးနေ့ ပွဲက ၅ ကြိမ်ဘဲ ရှိခဲ့ဖူး ပါ တယ်။

မွေးနေ့နဲ့ ပါတ်သက်ပြီး ကျွန်တော်နဲ့ နီးစပ်ရာ အသိုင်း အဝိုင်းက မိတ်ဆွေတစ်ချို့ ရဲ့ အဖြစ် အပျက်လေးတွေကို နည်းနည်း ဝေ၄ ချင်ပါတယ်။ စင်ကာပူ ရောက်လာ ကာစ မိတ်ဆွေတစ်ယောက်က ငွေလို နေချိန်မှာ သူ့မွေးနေ့ ရောက်တော့ ကုမ္ပဏီသူဌေးက ဒေါ်လာ ၁၀၀ မွေးနေ့ လက်ဆောင်လာပေးကြောင်း ဝမ်းသာ အားရ ပြောသွားပါတယ်။ ကိုးရီးယား မှာ အလုပ်သွားလုပ်တဲ့ မိတ်ဆွေ တစ်ယောက်က သူ့မွေးနေ့မှာ အလုပ်ချိန် အတွင်း သူဌေးရယ် သူဌေးကတော်နဲ့ ကုမ္ပဏီ ဝန်ထမ်းတွေက မွေးနေ့ ကိတ် မုန့်ပေါ် ဖယောင်းတိုင် ထွန်းပြီး သူ့ရှေ့မှာ မွေးနေ့သီချင်းဆိုရင်း လက်ဆောင် ပေးသွားတာကို မြန်မာပြည်မှာတုံးက မကြုံဖူးတဲ့ အဖြစ်အပျက်မို့ ဝမ်းသာမိ ကြောင်း ပြောပြတာ ကြားဖူးပါ တယ်။ မြန်မာပြည်က နာမည်ကြီး အဆိုတော်တစ်ဦးက တကိုယ်တော် ဖျော်ဖြေပွဲ လုပ်တဲ့ ဗီစီဒီ အခွေထဲမှာ သူအခု လို နှပျို လန်းဆန်း နေတာဟာ ကိုယ်မွေးတဲ့နေ့ကို မေ့ထားပြီး မွေးနေ့ပွဲ ခနခန မလုပ်တဲ့အတွက် ကိုယ့်အသက် ကိုယ်မေ့ပြီး စိတ်ချမ်းသာ နုပျိုနေတာ ပါလို့ ပရိတ်သတ်တွေကို ပြောသွားတာ ကြည့်လိုက်ရပါတယ်။

ကျွန်တော်နဲ့ အတူတူ စင်ကာပူမှာ အလုပ်လုပ်တဲ့ သူငယ်ချင်း တစ်ယောက်ကတော့ သူ့မွေးနေ့မှာ သူ့ကို မွေးပေးတဲ့အမေက အဓိက ဖြစ်တဲ့ အတွက် သူ့အသက်နဲ့ ညီမျှတဲ့ ငွေ ( ဥပမာ အသက် ၃၁ နှစ်ဆိုရင် ငွေ သုံးသိန်း တစ်သောင်း) ကို အမေ့ အတွက် သီးသန့် စင်ကာပူကနေ ပို့ပေးပြီး သူ့ မွေးနေ့မှာ အမေ့ကို ကျေးဇူးတင်ကြောင်း ဖုန်းနဲ့ စကားပြောပါတယ်။ ရန်ကုန် ရွှေပြည်သာက သူ့အိမ်မှာ ကိုယ် ပိုင် အိမ်ဖုန်း မရှိတဲ့အတွက် လမ်း ထိပ် ကွမ်းယာဆိုင်က ဖုန်းနဲ့ အမေ က စကားပြောရတာ ဆိုတော့ လမ်းဘေးမှာ အမေက ဝမ်းသာ လွန်းလို့ ငိုသံပါကြီးနဲ့ Oversea (အိုဗာစီး) ပြောနေသလို သားကလဲ စင်ကာ ပူမှာ ဟန်းဖုန်း မဝယ်နိုင် သေးတဲ့ အတွက် ရထားဘူတာရုံဘေးနားမှာ ဘင်္ဂလား ကုလားတွေ တန်းစီ စောင့်ပြီး ဆက်နေတဲ့ လမ်းဘေး ဖုန်း နဲ့ ယောကျ်ားတန်မဲ့ ငိုကြီး ချက်မနဲ့ ဖုန်းပြော နေတာပေါ့။ အမေ လည်း ငို၊ သားလည်း ငိုပေါ့ဗျာ။ ကျွန်တော်လည်း သူငယ်ချင်း ပြောပြတဲ့ သူ့မွေးနေ့ပွဲလေးကို ကြား ပြီး ပီတိဖြစ်လွန်းလို့ ကျွန်တော့် မွေးနေ့ရောက်ရင်လဲ အမေ့ကို အဲဒီနည်းနဲ့ ဂုဏ်ပြုရင်း အမေနဲ့ သား နှစ်ယောက်တည်း နှစ်ကိုယ်ကြား မွေးနေ့ပွဲလုပ်ဖို့ စိတ်ကူးထားပါတယ်။။

အခု ရောက်လာတာက တကယ့် မဟာ့ မဟာ မွေးနေ့ပွဲကြီးပါ။ ကျွန်တော်တို့ လူသားတွေရဲ့ အရေးမပါတဲ့ မွေးနေ့ပွဲတွေနဲ့ အချိန်ကုန်နေမဲ့ အစား ခရစ္စမတ် လို့ခေါ်တဲ့ ကယ်တင်ရှင်ရဲ့ မွေးနေ့မှာ မဆိုင်တဲ့သူတွေနဲ့ မွေးနေ့ပွဲကို ကျင်းပတာထက် မွေးနေ့ရှင် သခင်ယေရှု ခရစ်တော်ကို သာ တေ့တေ့ ဆိုင်ဆိုင် တွေ့ဆုံ မိတ်သဟာယဖွဲ့ပြီး နှစ်ကိုယ်ကြား အဓိပ္ပါယ် ရှိတဲ့ မွေးနေ့ကို ကျင်းပမယ်ဆိုရင် မိတ်ဆွေရဲ့ဘဝမှာ ထူးခြားတဲ့ အတွေ့အကြုံ ကို ခံစားရမှာ သေချာပါတယ်။ ခရစ္စမတ်ရဲ့ မွေးနေ့ရှင် ထာဝရ ဘုရားသခင်ရဲ့ သားတော် သခင်ယေရှုက … ငါသည် တံခါးရှေ့မှာ ရပ်၍ ခေါက်လျှက်နေ၏ အကြင်သူသည် ငါ၏ အသံကို ကြား၍ တံခါးကို ဖွင့်အံ့၊ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စား သောက်မည်၊ သူသည်လဲ ငါနှင့်အတူ စားသောက်ရလိမ့်မည်။ ဗျာဒိတ်၃း၂၀ ။ လို့ ဖိတ်ခေါ် နေပါတယ်။ ဒီနှစ် ခရစ္စမတ်မှာ မွေးနေ့ရှင် အစစ် ဖြစ်တဲ့ ယေရှုခရစ်တော်နဲ့ မိတ်ဆွေ တွေ့ဆုံပြီး အနှစ်သာရ ရှိတဲ့ မွေးနေ့ပွဲကို ကျင်းပ နိုင်ပါစေလို့ ဆုတောင်း ပေးလိုက်ပါတယ်။ ။

**မင်းအောင်သက်လွင်** (ဝန်ခံချက်။ ဖတ်ရှုထားသော အင်္ဂလိပ် ဘာသာ ထုတ် စာအုပ်မှ စာမူအချို့ နှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ ပေါင်းစပ်ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)

---


မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည်။ (နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂဏ နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )
Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))
((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည် ))
**မင်း အောင် သက် လွင် စီ စဉ် ထုတ် ဝေ သည်**